www.burmeseclassic.com

ရန်ကုန်မြို့

# ဗိုလ်တထောင်ဆံတော်ဦး

# စေတီတော်

# သမိုင်းအကျဉ်း

( ဆင္ဍမအကြိမ်မြောက်ရိုက်နှိပ်ခြင်း )

၂၀၀၅ ခုနှစ်၊ ဩဂုတ်လ၊ စက်တင်ဘာလ

## ဘုံပျံဆရာတော်

## ဦးပညာသာမိ

ရေးသားစီစဉ်အပ်သည်

www.burmeseclassic.com

www.burmeseclassic.com

ဘုံပျံဆရာတော် ဦးပညာသာမိ
ရေးသားစီစဉ်အပ်သော

# မို့လ်တထောင်ဆံတော်ဦးစေတီတော်

## သမိုင်းအကျဉ်း

~ ~ ~ ~ ~

၁၃၆၇ ခု ၊ ၂၀၀၅ ခု ဆဋ္ဌမအကြိမ်

အုပ်ရေ - ၃၀၀၀

F.A

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

* စာမူခွင့်ပြုချက်အမှတ် — ၃၂၀၃၉၈၀၅၀၆
* မျက်နှာဖုံးခွင့်ပြုချက်အမှတ် — ၃၂၀၃၄၅၀၅၀၆
* ထုတ်ဝေသည့်အကြိမ် — ဆဋ္ဌမအကြိမ်မြောက်
* ထုတ်ဝေသည့် ခုနှစ်၊ လ — ၂၀၀၅ ခုနှစ်၊ ဩဂုတ်/စက်တင်ဘာ
* အုပ်ရေ — ၃၀၀၀
* ထုတ်ဝေသူ — ဦးအောင်ဆု (ဂေါပကအဖွဲ့ဝင်) ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဗိုလ်တထောင်မြို့နယ်။
* ပုံနှိပ်သူ — ဒေါ်ညွန့်ဝမ်းအိ (၀၃၈၄၉) ရှိုးမပုံနှိပ်တိုက် အမှတ် ၂၀၊ သစ္စာလမ်း မင်္ဂလာတော်ညွန့်မြို့နယ်။
* ကွန်ပျူတာစာစီ — KMM ကွန်ပျူတာစာစီ အမှတ်-၂၂၊ ပထမထပ်၊ ၂၅-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
* တန်ဖိုး — (၂၀၀) ကျပ်။

# ဗိုလ်တထောင်စေတီတော် သမိုင်းအကျဉ်း

## မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဗိုလ်တထောင်စေတီတော်သမိုင်း ဖြစ်ပေါ်လာပုံ | ၁ |
| နိဒါန်း | ၁ |
| ဗိုလ်တထောင်စေတီတော်သမိုင်း အကျဉ်း | ၃ |
| ထယဆံတော် | ၃ |
| တပုဿမွေးဖွားခြင်း | ၃ |
| တပေါ်အမည်ရခြင်း | ၄ |
| တပုဿ ဘလ္လိက ကုန်ရောင်းသွားကြခြင်း | ၄ |
| သရေထဂုံ ၂ ပါး ဆောက်တည်ကြခြင်း | ၅ |
| ဆံတော်ပေးသနားတော်မူခြင်း | ၆ |
| မြန်မာပြည်သို့ ပြန်လာကြခြင်း | ၇ |
| အစဥ်အလာ ကုန်သည်လမ်းဖြစ်ပုံ | ၇ |
| ဒေဝဒီပကျွန်း | ၈ |
| ဆံတော် ၂ ဆူ ကောက်ယူခြင်း | ၉ |
| ဆံတော်စေတီတည်ခြင်း | ၉ |
| ဆံတော်စေတီ နာနာဝါဒ | ၁၀ |
| ကျွန်း၏ ယခုအခြေအနေ | ၁၀ |
| တောင်၏ အခြေအနေ | ၁၀ |

www.burmeseclassic.com

www.burmeseclassic.com




| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ခြေတော်ရာနှင့် သိမ်ဇရပ်များ | ၁၂ |
| ပုသိမ်မော်တင်စွန်းသို့ ဆိုက်ရောက်ခြင်း | ၁၂ |
| ဆံတော် ၂ ဆူ ခိုးယူပြန်ခြင်း | ၁၃ |
| မဟာမင်္ဂလာ စေတီတည်ခြင်း | ၁၄ |
| ဆံတော်ကို ဆက်လက်ပင့်ဆောင်ခြင်း | ၁၅ |
| တွံ့တေးသို့ ဆိုက်ရောက်တော်မူခြင်း | ၁၅ |
| တွံ့တေးနှင့် တွန်တေး | ၁၆ |
| ဆံတော်ကြိုစေတီ ၉ ဆူ | ၁၆ |
| ဒေတနော် စေတီတော် | ၁၇ |
| အင်းဂလုံ စေတီတော် | ၁၇ |
| ဆပုဂံ စေတီတော် | ၁၈ |
| ကျိုက်တဂိုးနွတ် စေတီတော် | ၁၈ |
| ကျိုက်တဂိုးတွတ် စေတီတော် | ၁၉ |
| လှပတီလက်ခိုက် စေတီတော် | ၁၉ |
| ကျိုက်ကော့မှူး စေတီတော် | ၁၉ |
| ဖလကြီး စေတီတော် | ၂၀ |
| ရွှေဆံတော် စေတီတော် | ၂၀ |
| ဆံတော် ကိန်းဝပ်ရာဌာန | ၂၁ |
| အခြားစေတီတော်များ | ၂၁ |
| ဒဂုံသို့ ဆံတော် ဆိုက်ရောက်ခြင်း | ၂၂ |
| ဆံတော် ၈ ဆူ မလျော့ခြင်း | ၂၂ |





| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဆံတော် ၁ ဆူစီ ရကြပုံ | ၂၃ |
| တပုဿစေတီရာ သတ်မှတ်ခြင်း | ၂၃ |
| ဘလ္လိကစေတီရာ သတ်မှတ်ခြင်း | ၂၄ |
| ကျိုက်ပါစေတီတော် ၂ ဆူ | ၂၅ |
| မဟာပိန္နဲ ခေါ်တွင်ကြပုံ | ၂၅ |
| ဒွတ္တဘောင်မင်း ဆံတော်ပင့်ခြင်း | ၂၆ |
| ပြည်ဆံတော် မြသီတင်ဘုရား | ၂၆ |
| မဟာပိန္နဲသည် ရှေးအမည် | ၂၈ |
| မဟာပိန္နဲ အစစ်အမှန် | ၂၈ |
| ဖြစ်တော်စဉ်အမှန် | ၂၉ |
| ဗိုလ်တထောင်ဘုရားတည် ခုနှစ် | ၃၀ |
| ဒုတိယဆံတော် | ၃၀ |
| ကိတ္တိမသား မွေးစားခြင်း | ၃၀ |
| ဉဘွားမင်းသား | ၃၂ |
| တစ်ဦးကွယ်လွန်၍ တစ်ဦးမင်းဖြစ်ခြင်း | ၃၃ |
| အရှင်ဂဝံပတိ သထုံကြွလာတော်မူခြင်း | ၃၃ |
| ဘုရားရှင်အား ပင့်ပေးရန် တောင်းပန်ခြင်း | ၃၄ |
| မြတ်စွာဘုရား ကြွလာတော်မူခြင်း | ၃၅ |
| ကျွတ်တမ်းဝင်ကြပုံ | ၃၆ |
| ရသေ့ ၆ ဦးအား ဆံတော်တစ်ဆူစီ ပေးတော်မူခြင်း | ၃၆ |
| ရသေ့ကြီး ၆ ဦး | ၃၇ |



www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မင်းကြီးအား ဆံတော် ပေးတော်မမူသေးပုံ | ၃၇ |
| အခြားပုဂ္ဂိုလ်များလည်း ဆံတော်ရကြပုံ | ၃၈ |
| မင်းကြီးအား ဆံတော် ၂ ဆူ ပေးတော်မူခြင်း | ၃၉ |
| ကျောက်စာနှင့် ညှိခြင်း | ၄၀ |
| ဗိုလ်တထောင်စေတီ ဒုတိယဆံတော် | ၄၁ |
| တတိယဆံတော် | ၄၂ |
| သီဟိုဠ်၌ ရေဘေးသင့်ခြင်း | ၄၂ |
| ဝေပုလ္လပဗ္ဗတာမြားရတနာ | ၄၃ |
| မဟာဒီပ သံလျင်ကျွန်းသို့ ညွှန်ကြားခြင်း | ၄၃ |
| ဆံတော် ဓာတ်တော် ပေးအပ်ခြင်း | ၄၄ |
| ရဟန္တာများ သံလျင်သို့ သာသနာပြုကြွခြင်း | ၄၅ |
| စေတီတော် ၁၁ ဆူ | ၄၆ |
| ဗိုလ်တထောင်စေတီတော် | ၄၆ |
| ညွှန်ကြားချက် | ၄၈ |

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး
စေတီတော်
(၁၃၆၇ / ၂၀၀၅)

www.burmeseclassic.com



တတိယမြောက်ဆံတော်မြတ်
မုဒ္ဓဏ်ဆံတော်မြတ် (၁)ဆူနှင့် သရီယဓါတ်တော် (၂)ဆူ
(အေဒီ ၉ ရာစုတွင် သီဟဒီပမင်းကြီးမှ ဌာပနာသည်။)

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်တထောင်စေတီတော်သမိုင်းဖြစ်ပေါ်လာပုံ

## နိဒါန်းအကျဉ်းချုပ်

ဤဗိုလ်တထောင် စေတီတော်သည် ကမ္ဘာကျော် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် မဝေးမနှောင်း တစ်ပြိုင်နက် စတင်တည်ရှိတော်မူသော စေတီတော်မြတ်ဖြစ်သော်လည်း ဗိုလ်တထောင်သမိုင်းလက်ရေးမူအကျဉ်း မှတ်တမ်းအပိုင်း အစအန အတိုအထွာများမှတစ်ပါး ဗိုလ်တထောင်သမိုင်းဟု မယ်မယ်ရရ ထယ်ထယ်ဝါဝါ မရှိသေးသဖြင့် တိကျခိုင်မာသော သမိုင်းတစ်စောင် ဖြစ်မြောက်ရန် ဩဝါဒါစရိယဆရာတော်များနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကာအဖွဲ့ဝင် လူကြီးများ တိုင်ပင်ကြပြီးလျှင် ဩဝါဒါစရိယ အဖွဲ့ဝင်တစ်ပါးဖြစ်သော ဘုံပျံဆရာတော်အား ရေးသားရန် တောင်းပန်လျှောက်ထားကြရာ ဘုံပျံဆရာတော်က လက်ခံပြီးလျှင် ရာဇဝင်သမိုင်း၊ မှတ်တမ်း၊ စာစောင် တစ်ရာကျော်တို့မှ ထုတ်နုတ်ရေးသားပြီး ဆုံးသနားတော်မူပါသည်။

ဤသို့ ဆရာတော်ဘုရား ရေးသားရာ၌ ကြိုက်နှစ်သက်ရာတို့ ပုံနှိပ်နိုင်ရန် ဗိုလ်တထောင်စေတီတော်၏ အကြောင်းအရာသက်သက်မျှကိုသာ ဖော်ပြထားသော ဗိုလ်တထောင်စေတီတော်သမိုင်းအကျဉ်း ဟူ၍လည်းကောင်း၊ ဗိုလ်တထောင်စေတီတော်နှင့်

…ာင် (၁) ဆဋ္ဌမအကြိမ်

www.burmeseclassic.com



ပတ်သက်သမျှ အကြောင်းအရာတို့ကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသော ဗိုလ်တထောင် စေတီတော် မဟာသမိုင်းတော်ကြီး ဟူ၍လည်းကောင်း၊ နှစ်မျိုးနှစ်စား စာမူများကို ရေးသားချီးမြှင့်တော်မူရာ အကျဉ်းသုံး အကျယ်သုံး ပုဂ္ဂိုလ်များအတွက် နှစ်မျိုးလုံးကိုပင် ပုံနှိပ်ရန် ဂေါပကအဖွဲ့က သဘောတူညီပါသဖြင့် ဤသမိုင်းအကျဉ်းကို ပထမစတင်ပုံနှိပ် ထုတ်ဝေရခြင်း ဖြစ်ပါကြောင်း။

ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့
ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
ရန်ကုန်မြို့။

# ဗိုလ်တထောင်စေတီတော်

## သမိုင်းအကျဉ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ပထမဆုံတော်

သံသေသူ (သံသေဒဇ) မွန်အခေါ် ''မယ်ကမု'' မြန်မာအခေါ် ''မယ်လမု'' ၏သား ဥက္ကလာပမင်းကြီး လက်ထက် ဥက္ကလာပမြို့၏ တောင်ဘက် ယခုတွံတေးမြို့၏ အရှေ့ဘက်ရှိ ပေါက္ခရဝတီခေါ် အသိတဉ္ဇနမြို့၊ ရှေးအခေါ် ကော့ကျွန်း၊ ယခု ''ခပင့်ရွာ'' ၌ အလွန်ရိုးသား တည်ကြည်သော လူအများတို့၏ ရိုသေလေးစားခြင်းကို ခံရသည့် ''သကာလဲ၊ သတာပန်'' အမည်ရှိ ကုန်သော လှည်းကုန်သည် ဖနီးမောင်နှံတို့သည် နေထိုင်ကြကုန်၏။ ထိုဖနီးမောင်နှံတို့မှာ သားသမီးများ မထွန်းကားသဖြင့် သားသမီးရရှိရန် မွန်တို့ ဓလေ့ထုံးစံအတိုင်း နိုင့်ကတ်တို့ကို အဓိဋ္ဌာန်၍ လွှတ်ကြကုန်၏။

### တပု မွေးဖွားခြင်း

ဤသို့ လွှတ်ပြီးနောက် မကြာမီ သားတစ်ယောက် ထွန်းကားပေါ်ပေါက်၍လာရာ နိုင့်ကတ်လွှတ်ခြင်းကို အစွဲပြု၍ မွန်ဘာသာ

www.burmeseclassic.com



အခေါ်အားဖြင့် "တပု" ဟု အမည်မှည့်ကြကုန်၏။ ၎င်းတပု လမ်းလျှောက်နိုင်သောအခါ ဒုတိယ သားရတနာကို ဖွားမြင်လာပြန်၏။ ဤသို့ သားရတနာများကို ဆက်ကာဆက်ကာ ဖွားမြင်လာသောအခါ မြို့သူ၊ မြို့သား၊ နယ်သူ၊ နယ်သား တို့က အားပါးတရ ရွှေ၊ ငွေစသော လက်ဆောင်ဥစ္စာ၊ ရတနာတို့ကို ဝိုင်းဝန်းပို့ဆောင်ကြခြင်း၊ ၎င်းတို့၏ စီးပွားရေး အကြံအစည် အောင်မြင် ဖွံ့ဖြိုးလာခြင်းတို့ကြောင့် အလွန်ကြွယ်ဝချမ်းသာသော ဇနီးမောင်နှံတို့ ဖြစ်လာကြလေတော့၏။

## တပေါ အမည်ရခြင်း

ဤသို့ ကြွယ်ဝချမ်းသာခြင်းကို အစွဲပြု၍ ဒုတိယသားကို မွန်အခေါ်အားဖြင့် "တပေါ" ဟု အမည်မှည့်ခေါ်ကြကုန်၏။ ဖခင်သကာလဲကိုကား ရွှေပေါ်များသည့်အတွက် ပါဠိဘာသာအားဖြင့် "သုဝဏ္ဏသေဋ္ဌိ" သုဝဏ္ဏသူဌေး ဟူ၍လည်းကောင်း၊ ကျက်သရေရှိသော အသုံးအဆောင် ပေါများသည့်အတွက် "သိရီဘောဂသူဌေး" ဟူ၍လည်းကောင်း အမည်တပ်၍ ခေါ်စမှတ် ပြုကြကုန်၏။

## တပုဿ- ဘလ္လိက ကုန်ရောင်းသွားကြခြင်း

သုဝဏ္ဏသူဌေးကြီး ဇနီးမောင်နှံတို့၏သား မွန်အခေါ် "တပု-တပေါ" ပါဠိအခေါ် "တပုဿ-ဘလ္လိက" ညီနောင်တို့



သည် အသပြာ တစ်ပြည် ဆန်တကုဉ်၊ ဆန်တစ်ပြည် အသပြာ တကုဉ်နှင့် လဲထပ်သည်ဟု သတင်းကြားသဖြင့် (တစ်လက်ခုပ်ကို တကုဉ်ခေါ်၏) ဆန်စသော ကုန်ပစ္စည်းများကို တင်ဆောင်၍ သင်္ဘောဖြင့် မဇ္ဈိမဒေသသို့ ကုန်အရောင်းအဝယ် သွားကြရာ ရှေးအခေါ် "ဗန္ဓုဝ" ယခုအခေါ် "တော်ရဝင်သင်္ဘောဆိပ်" သို့ ရောက်ကုန်ကြ၏။

## သရက္ခဂုံ ၂ ပါး ဆောက်တည်ကြခြင်း

ရောက်လျှင် သင်္ဘောပေါ်၌ ပါလာသော ကုန်ပစ္စည်းများကို အငှားလှည်းပေါင်း (၅၀၀) ဖြင့် တင်ဆောင်ကြပြန်၍ ထိုထိုအရပ်ဒေသတို့ကို လှည့်လည်ရောင်းချနေစဉ် ဗောဓိပင်အနီးသို့ ရောက်သောအခါ လွန်ခဲ့သော ငါးဘဝက အမိတော်ခဲ့ဖူးသော ဘုမ္မစိုးနတ်သမီးက –

"မြတ်စွာဘုရားသခင်သည် ရာဇာယတန လင်းလွန်းပင်အောက်၌ သီတင်းသုံးနေတော်မူကြောင်း၊ ထိုမြတ်စွာဘုရား ထံတော်မှောက်သို့ သွားရောက်ဖူးမြော်သင့်ကြောင်း"

စသည်များကို ပြောကြားတိုက်တွန်းလေ၏။ ထိုအခါ တပုဿ- ဘလ္လိက ကုန်သည် ညီနောင်တို့လည်း သတ္တဌာန (၄၉) ရက် စံနေတော်မူပြီးသည့်အဆုံး လင်းလွန်းပင်အောက်၌ သီတင်းသုံးထိုင်နေတော်မူသော မြတ်စွာဘုရား ထံတော်မှောက်သို့ မပဉ္စသက္ကရာဇ်

www.burmeseclassic.com

www.burmeseclassic.com



(၁၀၃) ခု ဝါဆိုလဆန်း (၅) ရက်နေ့ ဗုဒ္ဓဟူးနေ့တွင် သွားရောက်ဖူး မြော်ကြပြီးလျှင် မိမိတို့၌ ပါလာသော –

၁။ ထောပတ်၊ ပျား၊ တင်လဲစသည်တို့နှင့် ယှဉ်တွဲဖွဲ့ဆုပ်ထားအပ်သော ပျားမုန့်ဆုပ်နှင့်၊

၂။ ထိုသို့ မဖွဲ့မဆုပ်ရသေးဘဲ အသီးအခြား မာမာသွေ့သွေ့ ထုထောင်းပြုလုပ်ထားသော မုန့်ကြွပ်ကျစ်တို့ကို ဆက်ကပ်လှူဒါန်းပြီးလျှင် သံဃာဟူ၍ မဖြစ်ထွန်း မရှိသေးသဖြင့်

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

ဟု (၂) ကြိမ် (၂) ခါသာဆိုရသော ဒွေဝါစိက သရဏဂုံ (၂) ပါးနှင့် ပဉ္စသီလများကိုသာ ဆောက်တည်ကြရကုန်၏။

## ဆံတော် ပေးသနားတော်မူခြင်း

ဘုရားရှင် ကိုယ်တော်မြတ်ကလည်း နောင်အနာဂတ် သာသနာ မြန်မာပြည်၌ ရှည်မြင့်စွာ တည်တံ့မည်ကို မြင်တော်မူ၍ (၁၀၃) ခု ဝါဆိုလဆန်း (၅) ရက် ဗုဒ္ဓဟူးနေ့တွင် ဦးခေါင်းတော်ကို ညာဘက် လက်တော်ဖြင့် ဆန့်တန်း သုံးသပ်တော်မူ၍ ပါလာသော ဆံတော် (၈) ဆူကို ဆုပ်ကိုင်တော်မူလျက် တပုဿ–ဘလ္လိက ညီနောင်တို့အား ဆံတော်တစ်ဆုပ်ကို ပေးသနားတော်မူလိုက်၏။ ညီနောင်တို့လည်း ဝိသကြုံဖန်ဆင်းပေးသော နဝရတ်စီ ရွှေကြုတ်ဖြင့်



ခံယူကြကုန်၏။

## မြန်မာပြည်သို့ ပြန်လာကြခြင်း

တပုဿ–ဘလ္လိက ညီနောင်တို့လည်း ဝမ်းသာအားရစွာဖြင့် ပေးအပ်တော်မူလိုက်သော ဆံတော် (၈) ဆူကို ပင့်ယူကြ၍ ဗောဓိပင်မှ ယခုမိုင် (၂၀၀) ခန့်အကွာရှိ ဗန္ဓုဝမြို့၊ ၎င်းမှ (၁၂) မိုင်ခန့်အကွာရှိ ဗန္ဓုဝဆိပ်သို့ လှည်းဖြင့်ပြန်လာကြ၍၊ တဖန် ၎င်းမှ သင်္ဘောဖြင့် ဒမိုးဒါးမြစ်၊ ဟုဂလီမြစ်အတိုင်း စုန်ဆင်းကြပြီးလျှင် သမုဒ္ဒရာသို့ထွက်၍ သင်္ဘောလွှင့်ကြရာ ရှေးအခေါ် ''ဇေဒ္ဒီပကျွန်း'' ယခုအခေါ် ''ဖရုံကာကျွန်း'' အဖျားတွင်တနဂရမြို့ အကောက်ဆိပ်သို့ ဆိုက်ရောက်ကြလေ၏။ (ဤကား ဆူးလေသမိုင်း လက်ရေးမူ)

## အစဉ်အလာကုန်သည်လမ်းဖြစ်ပုံ

ဘုရားရှင် ပွင့်တော်မမူမီ နှစ်ပေါင်းများစွာကပင် အိန္ဒိယတိုင်းသား ဟိန္ဒူအနွယ် ကလယ် မွန်လူမျိုး သင်္ဘောကုန်သည်တို့သည် ၎င်းလမ်းအတိုင်း ကစ္ဆပနဒီ မြစ်ဝပင်လယ်ပြင်၊ မော်တင်စွန်း၊ သိင်္ဂုတ္တရအင်ငူကို လှည့်ပြီး ယခုအခေါ် ဘီလူးကျွန်း၊ ရှေးအခေါ် ''ခလယ်တို့'' (ခလယ်=ကလဲယ်ကုလားတို့=ဆိုက်ကပ်သည်။) ကုလားကပ်ကျွန်းဟု အဓိပ္ပာယ်ရသော ဆိပ်ကမ်းအထိ သွားလာ

www.burmeseclassic.com

www.burmeseclassic.com



ရောင်းဝယ်နေကြပုံကို သုံးတိုင်းရာဇဝင်ချုပ် (၁၂၉) ၌ ဖော်ပြထား၏။

## ဇေဌဒီပကျွန်း

ဇေဌဒီပကျွန်းသည်ကား ရှေးအခေါ် "ကစ္ဆပနဒီမြစ်" ယခုအခေါ် "ကုလားတန်မြစ်ဝ" အလွန် စစ်တွေမြို့၏ အရှေ့တောင်ထောင့် (၁၀) မိုင်ခန့်အကွာ ပင်လယ်ထဲတွင်ရှိသော "ဖရုံကာ" ကျွန်းစု (၃) ခုအနက် -

၁။ အရှေ့ဘက်ဆုံးကျွန်းကို အင်ကရာချိုင်ကျွန်း

၂။ အလယ်ကျွန်းကို ပိန္နဲချောင်းကျွန်း

၃။ အနောက်ဘက်ဆုံးကျွန်းကို ရှေးအခါက

(၁) ဇေဌဒီပကျွန်း ဟူ၍လည်းကောင်း

(၂) ဖရကစ္ဆကျွန်း (ဗရကစ္ဆကျွန်း) ဟူ၍လည်းကောင်း

(၃) ဖရုံကာကျွန်း ဟူ၍လည်းကောင်း

ခေါ်ဆိုကြရာမှ ယခုအခါ ၎င်းအနောက်ဘက်ဆုံးကျွန်းကို -

(၁) ဖရုံကာကျွန်း ဟူ၍လည်းကောင်း

(၂) မြေငူကျွန်း ဟူ၍လည်းကောင်း

(၃) ကျားကျွန်း ဟူ၍လည်းကောင်း

ခေါ်ဆိုနေကြကုန်၏။ ၎င်းအနောက်ဘက်ဆုံးကျွန်းပင် ဇေဌဒီပကျွန်း ဖြစ်၏။



## ဆံတော် ၂ ဆူ ထောက်ယူခြင်း

၎င်းကျွန်းရှိ အဖ္ဗုတ္တနဂရ အကောက်ဆိပ်သို့ ရောက်သောအခါ ဆံတော်ဓါတ်ပါလာကြောင်း ကြားသိကြသဖြင့် အဖ္ဗုတ္တနဂရ အကောက်မင်းကြီးနှင့်တကွ ကျွန်းသူကျွန်းသားတို့ လာရောက်ဖူးမြော်ကြရာ ဖူး၍မဝနိုင်လောက်အောင် ရောင်ခြည်တော်ကွန့်မြူးနေသော ဆံတော်ဓါတ်တို့ကို အလွန်ကြည်ညိုလှသဖြင့် အဖ္ဗုတ္တနဂရ အကောက်မင်းကြီးက (၁၀၃) ခုနှစ်တွင် ဆံတော် (၂) ဆူကို အကောက်တော်အနေဖြင့် အတင်းပင့်ယူပြီးလျှင် နှစ်ပေါင်း (၂၀) ခန့် ကိုးကွယ်ပူဇော်နေလေ၏။

## ဆံတော်စေတီ တည်ခြင်း

ဤသို့ နှစ်ပေါင်း၊ (၂၀) ခန့် ကိုးကွယ်ပူဇော်ပြီးနောက် (၁၂၃) ခုနှစ်သို့ ရောက်သောအခါ ဓညဝတီပြည့်ရှင်ဘုရင် "စန္ဒသူရိယ" မင်းကြီးအားဆက်သလေ၏။ မင်းကြီးသည်လည်း အလွန်ဝမ်းမြောက်တော်မူလှ၍ ကိုယ်တိုင် စေတီတည်လိုပါသော်လည်း မဟာမုနိရုပ်ရှင်တော် သွန်းလောင်းရမည့် ကိစ္စတာဝန်က အလွန်ကြီးလေးနေသောကြောင့် မင်းကြီးကိုယ်တိုင် ကြပ်မတ်မတည်နိုင်ဘဲ ဆံတော်ဓာတ်တော် ကောက်ယူရရှိသည့် ထူးမြတ်သောနေရာကို အမှတ်တရ ဖြစ်စိမ့်သောငှာလည်းကောင်း၊ မိစ္ဆာပါပလူ့ဘာလတို့၏ ဖျက်ဆီးမည့် အန္တရာယ်ဘေးမှ ကင်းဝေးစိမ့်သောငှာ ဆံတော် (၂) ဆူမှေအကြိမ်

www.burmeseclassic.com



လည်းကောင်း၊ ပင်လယ်ထဲတွင်ရှိသော ၎င်းဖွေ့ဒီပကျွန်း၏ အနောက်တောင်ဘက်စွန်းရှိ "တိကာ" ဟူ၍လည်းကောင်း "နီလာ" ဟူ၍လည်းကောင်း၊ "မဏိကေသာ" ဟူ၍လည်းကောင်း အမည်ရသော တောင်ကုန်းပေါ်၌ စေတီတည်၍ ဌာပနာရန် ၎င်း (၁၂၃) ခုနှစ်၌ပင် ပညာရှိသုခမိန် မင်းတုန်းမြို့စား "ဝိမလ" အမတ်ကြီးအား တာဝန်ပေးအပ် တည်စေတော်မူ၏။ ၎င်းစေတီတော်သည် ယခုအခါ -

"ဆံတော်ရှင်စေတီ" ဟု အလွန်ထင်ပေါ်ကျော်ကြားလူသိများလျက်ရှိ၏။ ဝိမလအမတ်ကြီးအားလည်း စေတီတော်ကို စောင့်ရှောက်ပါရန် ဂေါပကအကြီးအကဲအဖြစ်ဖြင့် ၎င်းကျွန်းကို အပိုင်စားပေးသနားတော်မူ၏။

(ရှေးအခေါ် "ခွါ" ယခုအခေါ် "အသည်" ပန်းသည်ဖြစ်သော ဘုရားကျွန်မျိုး မဟုတ်ပေ။)

## ဆံတော်စေတီ နာနာဝါဒ

၎င်းဆံတော်ရှင်စေတီတော်ကို နတ်နဂါးတို့၏ တန်ခိုးအကူအညီဖြင့် ပြည်သူပြည်သားများ တည်ထားဟူ၍လည်းကောင်း အဗ္ဗုတ္တနဂရ အကောက်မင်းကြီးကိုယ်တိုင် တည်ထား၏ဟူ၍လည်းကောင်း အမျိုးမျိုးပြောဆို ရေးသားကြကုန်သေး၏။



## ကျွန်း၏ ယခုအခြေအနေ

ဖွေ့ဒီပကျွန်းသည် တောင်မြောက်တန်း၍ (၁၀) မိုင်ခန့်ရှည်လျားသော တောင်တန်းဖြစ်၏။ တောင်၏ အရှေ့ဘက် ခြေရင်းပင်လယ်ကမ်းစပ်တစ်လျောက်၌ ချင်းလူမျိုး၊ ခမီးလူမျိုးများ နေထိုင်ကြသော စိုးမစီရွာ၊ ညောင်ပင်ချည်ရွာ၊ စံဂါမော်ရွာ စသော ရွာတို့ရှိကြကုန်၏။ တောင်၏ အနောက်ဘက်ခြေရင်း ပင်လယ်ကမ်းစပ်၌ ရခိုင်လူမျိုးများနေကြသော ဂွင်းချောင်းရွာ၊ သစ်ခေါင်းတောရွာ၊ ဝလန်းရွာ၊ ကြီးပင်ရွာ၊ ငနွမ်းပြင်ရွာ၊ ပျဉ်ပုတ်ရွာတို့ ရှိကြကုန်၏။ ၎င်းရွာတို့မှ စေတီတော်အရောက် (၁) မိုင်ကျော် (၂) မိုင်ခန့် ခြေလျင် အတက်အဆင်းသွားရ၏။ ဘုရားတောင် ခြေတော်ရင်းသို့ ရောက်သောအခါ တောရကျောင်း (၃) ကျောင်းရှိ၏။

ဂေါစရဂါမ်ဝေးသဖြင့် စစ်တွေမြို့နှင့် အနီးအနားရွာများမှ ပို့ထားသော ဆန်၊ ဆီ စသည်တို့ဖြင့် ကပ္ပိယများက ချက်ပြုတ်ကပ်ရ၏။

## တောင်၏ အခြေအနေ

တောင်ခြေမှ စေတီတော်အရောက် အမိုးမရှိ ကျောက်စောင်းတန်းလှေခါးကြီး ပြုလုပ်ထား၏။ စေတီတော် ဉာဏ်တော်မှာ အတောင် (၅၀) ကျော် (၆၀) ခန့်ရှိ၏။ နတ်တော်လဆန်း (၁၂) ရက် မှ လပြည့်ကျော် (၁) ရက်နေ့အထိ (၅) ရက်တိုင်တိုင်

www.burmeseclassic.com

www.burmeseclassic.com



နှစ်စဉ်ပွဲတော် ကျင်းပ၏။ ရခိုင်ပြည်နယ်နှင့် အခြားမြို့ရွာ နယ်ပယ် များမှ သူတော်စင်တို့ လာရောက်ကြသဖြင့် သိန်းချီစည်ကားသော ဘုရားပွဲတော်ကြီးဖြစ်၏။ တောတောင်အတိဖြစ်၍ ဘုရားပွဲပြီးလျှင် မည်သူမျှ မသွားကြတော့ချေ။

## ခြေတော်ရာနှင့် သိမ်ဇရပ်များ

စေတီတော်၏ တောင်ဘက် တစ်မိုင်ခန့်အကွာ ပင်လယ် ရေစပ်၌ ခြေတော်ရာ တစ်ဆူရှိ၏။ ခြေတော်ရာနှင့် မနီးမဝေး တောင်ခြေနားတွင် ရဟန္တာသိမ်ဟု ခေါ်ကြသော ရှေးဟောင်းသိမ် တစ်လုံးနှင့် လည်ရစ်ပါသော သိမ်ကျောက်တိုင် အပိုင်းအစများရှိ၏။ စေတီတော်ပတ်လည်တွင် ဇရပ်–တန်ဆောင်းများရှိ၏။ စေတီတော် ၏ မြောက်ဘက်နားတွင်ရှိသော "ပြိုင်းတောင်" ခေါ်သော တောင် ထိပ်၌ နဂါးပွက်အိုင်များရှိ၏။ ၎င်းနဂါးပွက်အိုင်များကို အကြောင်း ပြု၍ ဤဓမ္မေဒီပကျွန်း အစွန်းကို "နဂရာဇ်မော်" ဟု အချို့က အယူရှိကြကုန်သေး၏။

## ပုသိမ်မော်တင်စွန်းသို့ ဆိုက်ရောက်ခြင်း

တပုဿ–ဘလ္လိက ကုန်သည်ညီနောင်တို့လည်း အဖွဲ့ နဂရအကောက်မင်းကြီး ကောက်ယူလိုက်သည်ကို မည်သို့မျှ မပြော မဆိုဝံ့ကြဘဲ ဆံတော်များကို သင်္ဘောဖြင့် ဆက်လက်ပင့်ဆောင်



လာကြရာ မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ဝါဆိုလဆန်း (၁၁) ရက်နေ့တွင် "နဂရာဇ်မော်" အငူ (နာဂရာဿီ–နဂရေ အငူ– ပုသိမ် ရာဇဝင် ၆၅) (မော်ဒင်ရစ်–ကုန်းဘောင်ဆက် မဟာရာဇဝင် ဒု–၃) ယခုအခါ ပုသိမ် "မော်တင်စွန်း" သို့ ဆိုက်ရောက်ကြပြန် လေ၏။

(နာဂရာဇ်မော် ယူရာ၌ နာဂရာဇာ ဟူသောပါဠိမှ ပျက်လာ သော "နာဂရာဇ်" နှင့် အစွန်းအငူဟု အဓိပ္ပါယ်ရှိသော "မော်" ဟူသော ပေါရာဏကိုတွဲစပ်ပြီး "နဂရာဇ်မော်" ဟုခေါ်ဝေါ်သုံးစွဲ ထားခြင်းဖြစ်၏။)

ဤကား ဖုန်းဆက်မိမိုင်း စိုးကြပ်တိုင်းသား၊ စတိုင်ကြီး တောင်၊ မော်ကျောက်ဆောင်လျှင် ဟူသော ရတနာဗိမာန် ကျောင်း တော်ကျောက်စာ မူလမျက်နှာ စာကြောင်းရေ (၅၂) ကို ကိုးကားမိန့် ဆိုထားခြင်းဖြစ်၏။

## ဆံတော် ၂ ဆူ ခိုးယူပြန်ခြင်း

ဤသို့ မော်တင်စွန်းသို့ ဆိုက်ရောက်လေလျှင် နဂရာဇ်မော် အငူရှိသော ဇေယျသေနနဂါးမင်းသည် (ဇယသေန–နလာဋ ဓါတုဝင်–၁၀၆) ဆံတော်(၂)ဆူကို ခိုးယူပြီး ဘူမိဝရ (ဘူမိန္ဒရ) နဂါးဗိမာန်အတွင်း၌ ဝှက်ထားကိုးကွယ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



## မဟာမင်္ဂလာ စေတီတည်ခြင်း

နောင်အခါ သီဟိုဠ်ကျွန်း မဟာဂါမကာက ဝဏ္ဏတိဿ မင်းကြီး၏ လျှောက်ထားတောင်းပန်ချက်အရ အရိမိတေယ (အာရိမေတ္တေယျ) ဘုရားမယ်တော်လောင်း "ဝိဟာရဒေဝီ" မိဘုရားကြီး၏ မောင်တော် စူဠပိဏ္ဍပါတိကတိဿမထေရ်၏ သိဒ္ဓ ဝိဟာရိက တပည့်ရင်း ဆဠဘိညရဟန္တာဖြစ်သော "အရှင်သိဝ မထေရ်" ဆံတော်ပင့်ရန် နဂါးပြည်သို့ ကြွရောက်တောင်းဆိုရာ "သင်ယူနိုင်လျှင် ယူလော့" ဟုဆို၍ နဂါးမင်းက ဆံတော်ကြုတ်ကို ဝမ်းတွင်းသို့ မျိုချ၀ှက်ထားလေ၏။ အရှင်သိဝမထေရ်လည်း သိမ်မွေ့ သော လက်ကိုဖန်ဆင်း၍ နဂါးမင်း၏ ဝမ်းတွင်းမှ ဆံတော်ကြုတ်ကို နှိုက်ယူပြီးလျှင် သီဟိုဠ်ကျွန်း ကာကဝဏ္ဏတိဿမင်းကြီးအား ပေးအပ်လေ၏။ မင်းကြီးလည်း သီဟိုဠ်ကျွန်း "သေရ" အိုင်ကြီး အနီး၌ "မဟာမင်္ဂလာစေတီတော်" ဟူသောအမည်ဖြင့် စေတီ တည်၍ ဌာပနာထားကြောင်း နလာဋဓာတုဝင် (၁၀၆) နှင့် ဗုဒ္ဓ သာသနိက ပထဝီဝင်ကျမ်း (၁၇၄) စသည်တို့၌ မိန့်ဆိုတော်မူကြ ကုန်၏။

၁၃၃၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် (၁၄) ရက် (၁၆-၁-၆၉) ကြာသပတေးနေ့စွဲပါ ဆံတော်ရှင်မြတ် မော်တင် စေတီတော်သမိုင်း (၃၀) ၌ကား ဇေယျသေန နဂါးမင်းပင် သမုဒ္ဒရာ မှ ဆယ်ယူအပ်သော မြသားရတနာတို့ဖြင့် စိုင်တမော့ခန့် အရွယ်ရှိ



စေတီတော်ကို သရဏာတောင်ဟု ခေါ်ဆိုသော မော်တင်စွန်း၌ နတ်နဂါး ဆင်ဖြူတော်ခြံရံလျက် မဟာသက္ကရာဇ် (၁၀၃) ခု၊ ဝါဆိုလပြည့်နေ့တွင် တည်၍ ဆံတော်ကို ဌာပနာ၏ဟု ဆိုသေး၏။

## ဆံတော်ကို ဆက်လက်ပင့်ဆောင်ခြင်း

ကုန်သည်ညီနောင်တို့လည်း နဂါးမင်းခိုးယူလိုက်သော ဆံတော်ကို အလွန်နှမြောလှသဖြင့် တမ်းတငိုယိုကာ မော်တင်စွန်းမှ ဆက်လက်၍ သင်္ဘောလွှင့်ကြပြန်ရာ (၁၀၃) ခု၊ ဝါခေါင်လဆန်း (၁၄) ရက် တနင်္ဂနွေနေ့တွင် ပေါက္ခရဝတီခေါ် အသိတဥ္စနမြို့ ဆိပ်ကမ်းဖြစ်သော ဓညဝတီခေါ် "ဟပင်း" (ကသစ်ပင်) ဆိပ်ကမ်း သို့ ဆိုက်ရောက်ကြလေ၏။

(ဟပင်းမှ – ခပင်း။ ယခု "ကပင့်" ဖြစ်နေ၏။)

## တွံတေးသို့ ဆိုက်ရောက်တော်မူခြင်း

ဤသို့ ပင့်ဆောင်လာသောဆံတော်မြတ်ကို ကမ်းလုံးညွတ် မျှလာရောက် ကြိုဆိုပူဇော်ကြပြီးလျှင် ကပင့်အနောက် (၆) မိုင်ခန့် အကွာ "ကွမ်းဒေး" (ကွမ်း = ရွာ။ ဒေး = တောင်ကုန်း/ တောင်ကုန်းရွာ။) ယခု "တွံတေး" ရွှေဆံတော်တည်ထားရာ "မေရုဘာ" (မေရုဒ) ကုန်းမြင့်ပေါ်သို့ ပင့်ဆောင်၍ (၇) ရက်ပတ်လုံး (တွံတေး ရွှေဆံတော်သမိုင်းအလို (၃) ရက်ပတ်လုံး) ပွဲလမ်းသဘင်

www.burmeseclassic.com

www.burmeseclassic.com


တို့ဖြင့် အကြီးအကျယ် ပူဇော်ကြကုန်၏။

## တွံတေးနှင့် တွန်တေး

အချို့ရာဇဝင်သမိုင်းတို့၌ "တွံတေး" ဟု သေးသေးတင်နှင့် ရေးသော်လည်း စွယ်စုံကျော်ထင်ကျမ်း ဒုတိယအုပ်ပုဒ်ဘ (၅၅၅) ၌ကား –

"မတွန်–တွန်–တွန်၊ တွန်–တွန်–တွန်၊ တွန်ခုနစ်ဆက် ဘယ်မင်းနည်း" ဟု "န" သတ်ကာရန်နှင့် ပုစ္ဆာ ပြုလုပ်ထား၏။ ၎င်းအမေးကို –

၁–တွန်ရာဇာကြီး၊ ၂–တွန်ရာဇာငယ်၊ ၃–တွန်ကန်ကောင်း၊ ၄–တွန်ကံထိုက်၊ ၅–တွန်ဝိဒူ၊ ၆–တွန်ဝိဇ္ဇာ၊ ၇–တွန်နဘူး ဟု တွန်တေး မင်းဆက် (၇) ဆက် ကြားဖူးကြောင်း ဖြေဆိုထား၏။

## ဆံတော်ကြိုးစေတီ ၉ ဆူ

ဤသို့ မော်တင်စွန်းခေါ် နဂရာဇ်မော်အငူမှ တပုဿ–ဘလ္လိကတို့ ဆံတော်ပင့်ဆောင်လာကြကြောင်းကို သတင်းစကား ကြားကြကုန်သော အနီးအနားမြစ်လမ်းတစ်လျှောက်ရှိ နယ်သူနယ်သားတို့သည်လည်း လမ်းခရီးမှနေ၍ သောင်းသောင်းဖျဖျ မကြုံဘူး အောင် အထူးစည်ကားသိုက်မြိုက်စွာ ကြိုဆိုပူးမြော် ပူဇော်ကြကုန် ၏။ ဤသို့ ကြိုဆိုပူးမြော် ပူဇော်ကြပြီးလျှင် အမှတ်တရဖြစ်စေရန် ခိုင်တို့မြို့ရွာ အသီးသီးတို့၌ ဆံတော်ကြိုးစေတီတော်များကို ရွာတိုင်း လိုလို အများအပြား တည်ထားကြကုန်၏။ နောင်အခါ ဓာတ်တော် ဆံတော်စသော သာရီရိကပူဇော်ဖွယ်တို့ကို ထပ်မံဌာပနာကြ၍ ကိုးကွယ်ပူဇော်လာကြရာ ပျောက်ပျက် ကွယ်ပတော်မူကြကုန်သော စေတီတော်များမှတစ်ပါး ယခုတိုင် မပျောက်မပျက် တည်ရှိတော်မူ နေသော ဒလ–အုံကြီးနယ် ဆပုကန် (၁၂) ရွာ တောကြီးတန်း တစ်လျှောက်ရှိ ဆံတော်ကြိုးစေတီတော် (၉) ဆူအကြောင်းကို အလျဉ်းသင့်ခိုက် ရာဇဝင်သမိုင်းတို့မှ ထုတ်နုတ်၍ ကွမ်းခြံကုန်း ဝင်လယ်ဝမှ တွံတေးအရောက် ချောင်းတစ်လျှောက်ရှိ လမ်းစဉ် အတိုင်း အကျဉ်းမျှ ရေးသားဖော်ပြပါဦးအံ့။

## ၁။ ဒေတနော် စေတီတော်

တော်ပလွဲ ကွမ်းခြံကုန်းမြို့တို့၏ မြောက်ဘက်ခရီး (၂) တိုင်ခန့်အကွာတွင် "ကျိုက်ဒေကနောင်" စေတီတော်ရှိ၏။ မြန်မာ ဘာသာအားဖြင့် "စစ်ပင်ကုန်းဘုရား" ဟုဆိုလို၏။ ယခုအခါ "ဒေတနော်ဘုရား" ဟုခေါ်ဆိုကြ၏။ ဘိနပ်တော် အတောင် (၁၀) ခန့် ရှိ၏။ ကားလမ်း၏ အနောက်ဘက်တွင် တည်ရှိ၏။

## ၂။ အင်းဂလုံ စေတီတော်

၎င်းမှ မြောက်ဘက်ခရီး (၃) တိုင်ခွဲလောက်တွင် "ကျိုက်


www.burmeseclassic.com

www.burmeseclassic.com



အံခလွန်း" ဟု စေတီတော်ရှိ၏။ "ကျောင်အင်းဘုရား" ဟုဆိုလို၏ အံခလွန်းကို ယခုအခါ "အင်းဂလုံဘုရား" "အင်းဂလုံရွာ" ဟုခေါ် ဆိုကြ၏။ ဘိနပ်တော်အတောင် (၆၀) ကျော်ရှိ၏။ ကားလမ်း၏ တောင်ဘက်တွင် တည်ရှိ၏။

### ၃။ ဆပုဂံ စေတီတော်

ၛင်းမှ မြောက်ဘက်ခရီး (၁) တိုင်ကျော်လောက်တွင် "ကျိုက်လှာပကံ" စေတီတော်ရှိ၏။ "ပုဂံတွင်းဘုရား" ဟုဆိုလို၏ ရွာနှင့်ဘုရားကြား "အရှေ့ဘက်ကွင်း၌" ပုဂန်ပင် (ပုဂံပင်) များစွာ ပေါက်လျက်ရှိ၏။ ယခုအခါ ဆပုဂန်ရွာ (ဆပုဂံရွာ) ဆပုကန်ဘုရား (ဆပုဂံဘုရား) ဟု ခေါ်ဆိုကြ၏။ ဘိနပ်တော် အတောင် (၆၀) ကျော်ရှိ၏။ ရွာနှင့် နှစ်မိုင်ခန့်ဝေးပြီး ကားလမ်း၏ တောင်ဘက်တွင် တည်ရှိ၏။

### ၄။ ကျိုက်တကိုးနွတ် စေတီတော်

ၛင်းမှ မြောက်ဘက်ခရီး (၁) တိုင်လောက်တွင် "ကျိုက် တကိုးနွတ်" ဟု စေတီတော်ရှိ၏။ "စမ်းချောင်းကြီးဘုရား" ဟုဆို လို၏။ ယခုလည်း စမ်းချောင်းကြီး ရှိနေ၏။ ဘိနပ်တော် အတောင် (၆၀) ကျော်ရှိ၏။ ကားလမ်း၏ တောင်ဘက် (၆) မိုင်ခန့် အကွာ၌ တည်ရှိ၏။



### ၅။ ကျိုက်တကိုးဏွတ် စေတီတော်

ၛင်းမှ မြောက်ဘက်ခရီး (၁) တိုင်လောက်တွင် "ကျိုက် တကိုးဏွတ်" ဟုစေတီတော်ရှိ၏။ "စမ်းချောင်းလေးဘုရား" ဟုဆိုလို ၏။ ယခုလည်း စမ်းချောင်းငယ် ရှိနေ၏။ ဘိနပ်တော် အတောင် (၆၀) ကျော်ရှိ၏။ ကားလမ်း၏တောင်ဘက် (၆) မိုင်ခန့်အကွာ၌ တည်ရှိ၏။

### ၆။ လှပတီလက်ခိုက် စေတီတော်

ၛင်းမှမြောက်ဘက်ခရီး (၁) တိုင်ကျော်လောက်တွင် ရွာနှစ် ရွာကြား တောင်ကုန်းပေါ်၌ စေတီတော်ကြီးတစ်ဆူရှိ၏။ တောင် ဘက်ရွာကို "လှာပတီသဲတွင်း" မြောက်ဘက်ရွာကို "လက်ခိုက်– ပိတ်စွယ်ကုန်း" ဟုခေါ်ဆို၏။ ရွာအမည်ကိုစွဲ၍ ဘုရားကိုလည်း "လှပတီဘုရား–လက်ခိုက်ဘုရား" ဟု ခေါ်ဆိုနေကြကုန်၏။ ဘိနပ်တော် အတောင် (၆၀) ကျော်ရှိ၏။ ကားလမ်းအနောက်ဘက် ၌ တည်ရှိ၏။

### ၇။ ကျိုက်ကော့မှူး စေတီတော်

ၛင်းမှမြောက်ဘက်ခရီး (၁) တိုင်ကျော်လောက်တွင် "ကျိုက်ကော့မှူး" ဟု စေတီတော်ရှိ၏။ ကျွန်းစွန်ဘုရားဟု ဆိုလို ၏။ ရွာကိုလည်း "ကွမ်းကော့မှူး" ကျွန်းစွန်ရွာဟု ဆိုလို၏။

www.burmeseclassic.com

www.burmeseclassic.com


ဘိနပ်တော်အတောင် (၆၀) ကျော်ရှိ၏။ ရွာနှင့် (၁) မိုင် ခွဲခန့်ဝေး၍ လမ်း၏ အနောက်ဘက်၌ တည်ရှိ၏။

## ၈။ ဖလကြီး စေတီတော်

၎င်းမှ မြောက်ဘက်ခရီး (၄) တိုင်လောက်တွင် "ဖက်ယားကြီး" ဟု စေတီတော်ရှိ၏။ ရှေးမွန်အခေါ် ကွယ်ပျောက်နေ၏။ ဘုရားအနီးတွင် ဖက်ယားပင်ကြီးများရှိ၏။ ထို့ကြောင့် "ဖက်ယားကြီးဘုရား" ဟုခေါ်ဆိုနေကြ၏။ အနီးရှိ အင်းကိုလည်း ဖက်ယားကြီးအင်းဟူ၍ပင် ခေါ်ဆိုနေကြကုန်၏။ နောင်အခါ "ဖရကြီးဘုရား" "ဖရကြီးအင်း" ဟုခေါ်ဆိုကြရာမှ ယခုအခါ "ဖလကြီး" ဖြစ်နေ၏။ ဘိနပ်တော် အတောင် (၆၀) ကျော်ရှိ၏။

## ၉။ ရွှေဆံတော် စေတီ

ပေါက်ကွာရဝတီမြို့၏ အနောက်ဘက် (တွံ့တေးရွှေဆံတော် သမိုင်းအလို မြောက်ဘက်) မနီးမဝေး (၆) မိုင်ခန့် အရပ်၌ မွန်အခေါ် "ကွမ်းဒေး" ယခု တွံ့တေးမြို့အနီးရှိ "မေရုတ" ကုန်း၌ "ကျိုက်ကေသာ" ဟု စေတီတော်တစ်ဆူ တည်ထား၏။ ဆံတော်ဘုရားဟု ဆိုလို၏။ ဤသည်တို့ကား ဆံတော်ကို စေတီတော် (၉) ဆူ တို့ ဖြစ်ကြကုန်၏။

## ဆံတော် တိန်းဝပ်ထုဌာန

တပုဿ–ဘလ္လိကတို့ ဆံတော်ပင့်ဆောင်ခဲ့သော အချိန်က တွံ့တေးနယ်ပယ်တစိုက်ကို ဘုရင် "သမိန်ထော" "ဗညားရမ်းခင်း" "မိန္ဒာဒေဝီ" မိဘုရားကြီး၊ သမီးတော် "ဗညားထောဒေး" နှင့် အမတ်ချုပ်ကြီး "အမတ်သိမ်" တို့ အုပ်ချုပ်လျက်ရှိ၏။ ၎င်းမင်းမိဖုရားနှင့် တိုင်းသူပြည်သားတို့၏ တောင်းပန်ချက်အရ ဆံတော်ကို ၎င်းမေရုတကုန်းသို့ ပင့်ဆောင်၍ ခေတ္တ (၇) ရက်မျှ တိန်းဝပ်စေတော်မူဖူး၏။ ၎င်းနေရာကို အမြှတ်တနိုးဖြစ်စေရန် စေတီတော် တည်ထားခြင်းဖြစ်၏။

## အခြား စေတီတော်များ

ဤဆိုအပ်ခဲ့ပြီးသော သမိုင်းပါ စေတီတော် (၉) ဆူမှတစ်ပါး စလုပ်ကြီးဘုရား၊ နတ်စင်ကုန်းခေါ် ကျွဲမင်းကုန်းဘုရား၊ ဘုရားကြီးခေါ် ချမ်းသာကြီးဘုရား၊ မောင်တီဘုရား၊ ကံပုံဆုတောင်းပြည့်ဘုရား၊ ကျိုက်ဖူး–ကျိုက်ပါဘုရား စသည်အားဖြင့် များစွာရှိကြကုန်သေး၏။ ဆံတော်ပင့်ဆောင်ခဲ့ရာ ကွမ်းခြံကုန်းမြစ်သည် ယခုအခါ သင်္ဘောကြီးလှည့်မရတော့ဘဲ ဒီရေတက်ချိန်တွင် သင်္ဘောငယ်များ၊ လှေသမ္ဗာန်များလောက်သာ သွားလာနိုင်သော ချောင်းကျဉ်းကလေး ဖြစ်နေသည်ကို တွေ့ရ၏။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## ဒဂုံသို့ ဆံတော် ဆိုက်ရောက်ခြင်း

တပုဿ–ဘလ္လိက ညီနောင်တို့လည်း ဥက္ကလာပမင်းကြီးနှင့် ဘခင် သုဝဏ္ဏသူဌေးကြီးတို့ထံ ဆံတော်ပင့်ဆောင်ခဲ့သောအကြောင်းကို ကြားသိစေလေ၏။ မင်းကြီးလည်း အလွန်ဝမ်းမြောက်လှသဖြင့် သုဝဏ္ဏသူဌေးကြီးနှင့် တိုင်ပင်ကာ ခေါဘဏီတပ်ခင်းကျင်း၍ စစ်ဗိုလ်ပေါင်း (၁၀၀၀) တို့ဖြင့် ခမ်းနားကြီးကျယ်စွာ (၁၀၃) ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၅) ရက် စနေနေ့တွင် ယခု ဗိုလ်တထောင်စေတီတော် တည်ရှိမည့် နေရာအရပ်မှ ကြိုဆိုပင့်ဆောင်တော်မူကြပြီး ငှင်းဆိပ်ကမ်း၌ပင် ပြုပြင်ဆောက်လုပ်ထားအပ်သော ရတနာမဏ္ဍပ်တော်၌ ကိန်းဝပ်တော်မူရန် ပင့်ဆောင်ကြကုန်၏။

## ဆံတော် ၈ ဆူ မလျော့ခြင်း

တပုဿ–ဘလ္လိက ညီနောင်တို့က လမ်းခရီး၌ အဇ္ဈတ္တနဂရအကောက်မင်းကြီးက ဆံတော်(၂)ဆူကို အကောက်တော်အဖြစ်အတင်းပင့်ယူလိုက်ကြောင်း၊ နာဂရာဇ်မော်အင်မှ ဇေယျသေနနဂါးမင်းကလည်း ဆံတော်(၂)ဆူကို တိတ်တဆိတ် ခိုးယူလိုက်ကြောင်းများကို ကြေကွဲဝမ်းနည်းစွာဖြင့် မင်းကြီးအား သံတော်ဦးတင်ကြကုန်၏။ မင်းကြီးလည်း စိတ်ပင်ပန်းစွာဖြင့် "မိမိတို့ကိုးကွယ်ပူဇော်ထိုက်လျှင် မြတ်စွာဘုရား ပေးသနားတော် မူလိုက်သည့်အတိုင်း



ကိုးကွယ်ကြရမည်သာတည်း" ဟု အောက်မေ့စိတ်ဌာန်၍ ကြုတ်တော်ကိုဖွင့်လိုက်ရာ "ဣဒ္ဓိဝိသယော အစိန္တိယော" "တန်ခိုးအရာကြီးသာ" ဟူသည်နှင့်အညီ ဆံတော်မလျော့ (၈) ဆူ အတိုင်းသာဖူးတွေ့ရသဖြင့် လွှန်မင်းပြင်းပြ ဝမ်းသာတော်မူလှုပြီး စံပယ်ရာအရပ်ရတနာ မဏ္ဍပ်တော်၌ပင် (၆) လတိုင်တိုင် ကြီးစွာသော သဘင်ပွဲကို ဆင်နွှဲပူဇော်လေ၏။

## ဆံတော် ၁ ဆူစီ ရကြပုံ

ဤသို့ ထူးခြားကြီးကျယ်စွာ (၆) လတိုင်တိုင် ဆံတော်ပူဇော်ပွဲကို ဆင်နွှဲကျင်းပကြပြီးနောက် မြတ်စွာဘုရား ပေးအပ်တော်မူလိုက်ရင်းဖြစ်သော တပုဿ–ဘလ္လိကညီနောင်တို့အား ဥက္ကလာပမင်းကြီးက ဆံတော်ဓာတ်တစ်ဆူစီကို ခွဲဝေပေးအပ်တော်မူပြန်၏။

(ဓမ္မစေတီ ကျောက်စာ၌ကား တပုဿ–ဘလ္လိကတို့ဆံတော် (၂) ဆူ ယူထားလိုက်ကြောင်းလာ၏)

## တပုဿ စေတီရာ သတ်မှတ်ခြင်း

တပုဿ–ဘလ္လိကတို့လည်း မိမိတို့ရရှိသော ဆံတော်ကိုဌာပနာ၍ စေတီတည်ထားရန် နေရာရွေးချယ်ကြရာ တပုဿက (၆) လတိုင်တိုင် ဆံတော် (၈) ဆူကိန်းဝပ် စံပယ်တော်မူရာအရပ်၌ အမှတ်တရကျောက်တိုင် စိုက်ဘိသကဲ့သို့ နောက်လူ

www.burmeseclassic.com

www.burmeseclassic.com



နောက်သားတို့ သိရစ်ကြစေခြင်းငှာ ယခု ဗိုလ်တထောင်စေတီတော် တည်ရှိရာအရပ် ရတနာမဏ္ဍပ်နေရာကို ရွေးချယ်သတ်မှတ်လေ၏။

## ဘလ္လိက စေတီရာ သတ်မှတ်ခြင်း

ဘလ္လိကကား ဗိုလ်တထောင်မှ သိင်္ဂုတ္တရကုန်းတော်သို့ ဆံတော်များကို ပင့်ဆောင်စဉ်က ပထမရှေးဦးစွာ ရွှေဝါတော် ပြာသာဒ်တစ်ထောက် ရပ်နားရာအရပ်ဖြစ်သော ယခု ပန်းဆိုးတန်း (ဖယ်ယာ) နှင့် မဟာဗန္ဓုလ (ဒါလဟိုစီ) လမ်းထောင့် တီဂျူးမား အနောက်ဘက်၊ ကြေးနန်းရုံးကြီး၏ မြောက်ဘက်ရှိ မဟာပိန္နဲဟု ခေါ်ဆိုနေကြသော ''စန္ဒီမယ်တော်'' ဟိန္ဒူကလယ် ဘုရားကျောင်း နေရာအရပ်ကို ရွေးချယ်သတ်မှတ်လေ၏။ (သိမ်ကြီးဈေးအနောက်ဘက် ကပ်လျက်ရှိသော ၂၄ လမ်း၊ အမှတ် ၁၄၉ ရှိ ကလယ် မဟာပိန္နဲ ဘုရားကျောင်းနေရာဟု အချို့က ဆိုကြကုန်သေး၏)

သို့ရာတွင် –

၁။ ပထမရွှေဝါတော် ပြာသာဒ်တစ်ထောက် ရပ်နားရာ အရပ်ဟူသော စကား၊

၂။ တစ်ချိန်က ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ မဟာပိန္နဲနတ်တိုက်ကို ဗုဒ္ဓဘာသာ မြန်မာအချို့တို့က မိမိတို့ ကိုးကွယ်ကြောင်း၊ ပိုင်ဆိုင်လိုကြောင်း စသည်ဖြင့် တရားတဆောင် ပင် ဖြစ်ကြသေးကြောင်းကို အမျိုးသားပညာဝန် ဦးဘိုးကျား ကိုယ်တွေ့ဝတ္ထု (၃၇) မင်းမှတ်တမ်း စာမျက်နှာ (၈၉) ၌ဆိုသော စကားများကို ထောက်ထားလျှင် ပန်းဆိုးတန်း မဟာပိန္နဲပင် ဖြစ်ဖွယ်ရာရှိ၏ ဟု သမိုင်းဆရာတို့ ယုံကြည်ကြကုန်၏။

## ကျိုက်ပါ စေတီတော် ၂ ဆူ

ဤသို့ မိမိတို့ ကြိုက်နှစ်သက်ရာ နေရာများကို အသီးသီး ရွေးချယ် သတ်မှတ်ကြပြီးလျှင် ဥက္ကလာပမင်းကြီး၊ ဘခင် သုဝဏ္ဏသူဌေးကြီးတို့နှင့် တိုင်ပင်ကြကာ စေတီတော် တစ်ဆူစီ တည်ထားကြကုန်၏။ ညီနောင်နှစ်ဦးတို့ တည်သော စေတီတော် (၂) ဆူလုံးကိုပင် ''ကျိုက်ပါ'' ဟုခေါ်ဝေါ်ကြကုန်၏။ မွန်ဘာသာအားဖြင့် (ကျိုက် = ဘုရား၊ ပါ = ၂) ဘုရားနှစ်ဆူ (ဝါ) ဘုရားညီနောင်ဟု ဆိုလို၏။

(၎င်းစေတီတော် ၂ ဆူလုံးကိုပင် တပုဿ–ဘလ္လိကတို့အတွက် ဥက္ကလာမင်းကြီးကိုယ်တိုင် တည်ပေးကြောင်းကို နဂါးဗိုလ် ရန်ကုန်ရာဇဝင် (၅၈) ၌ ဆိုသေး၏)

## မဟာပိန္နဲ ခေါ်တွင်ကြပုံ

ကျိုက်ပါစေတီတော် ၂ ဆူအနက် ညီတော် ဘလ္လိက တည်သော ကျိုက်ပါစေတီတော်ကို မဟာပိန္နဲနတ်ရုပ်တို့ဖြင့်



www.burmeseclassic.com

ခြယ်လှယ်ထားခြင်းကြောင့် နောင်အခါ “မဟာပိန္နဲစေတီတော်” ဟု ခေါ်ဆိုကြပြန်ကုန်၏။ ကဗျတ္တာစန္ဒိကာကျမ်း (၂၄၅) ၌ကား–

“ရွှေဆံတော်စေတီတော်ကို မဟာပိန္နဲဟု ခေါ်တွင်သည်မှာ ဉဿမင်းသည် “မဟာပိန္နဲ” ရွှေ၌ ကိန်းဝပ်စေသောကြောင့် ဌာနျူပစာရအားဖြင့် မဟာပိန္နဲ တွင်သတည်း” ဟု ဆိုထားသေး၏။

## ဒွတ္တဘောင်မင်း ဆံတော်ပင့်ခြင်း

သရေခေတ္တရာ ပြည်မြို့၌ သာသနာတော် (၁၀၁) ခုနှစ်တွင် ရာဇာဘိသိက်ခံယူသော ဒွတ္တဘောင်မင်းကြီးသည် ဆံတော်မြတ်ကို ကိုးကွယ်ပူဇော်လို၍ ကျိုက်ပါစေတီတော် နှစ်ဆူအနက် ဘလ္လိကတည်သော မဟာပိန္နဲခေါ် ကျိုက်ပါစေတီတော်ကို (၁၁၁) ခုနှစ်မှာပင် ဖျက်ဆီး၍ ဆံတော်ရှာရာ ဆံတော် (၁) ဆူမက၊ (၄) ဆူမျှ ဖူးတွေ့ရ၍ အားရနှစ်သက်စွာဖြင့် ပြည်မြို့သို့ ပင့်ဆောင်ပြီးလျှင် အသစ်တည်သော စေတီတော်၊ ထပ်မံပြုပြင်သော စေတီတော်အားဖြင့် ဒွတ္တဘောင်မင်းကြီး၏ ကောင်းမှုတော်စေတီ (၉) ဆူအနက် မြသီတင်စေတီတော်၌ ထပ်မံဌာပနာလေ၏။

## ပြည်ဆံတော် မြသီတင်ဘုရား

မြသီတင်ဘုရားကား ယခု ပြည်မြို့ရှိ ရွှေဆံတော်ဘုရားပင် ဖြစ်၏။ အထောက်အထားကား –

**“မိုးနှင့်သာလျှင်၊ ထွန်းပေါ်ပြိုးပြက်၊ ရောင်ခြည်လျှံဖြာ ဟောင်းသည့် ဟောင်ခြယ်၊ ဟောင်ဟျော့ထွယ်နှိုက်၊ ထူနယ်ရှားရွှင်၊ မြသီတင်နှင့်၊ ထပြင်ခြေအား၊ ရွှေထွန်းနားဝယ်၊ ထရားသုန်းဆေင်၊ ဒွတ္တဘောင်ဟု၊ ပြည်ဟောင်ရှားနယ်၊ တည်ခဲ့ဖူးသည်၊ လျံ့ဖော်ညီညီး၊ မြောက်ဘွယ်ဆီးထား၊ ရွှေထီးရွှေတိုင်၊ ဖွဲ့စိုင်တခဲ၊ ထိုဏ်နန်းထဲထ၊ ရုရုထွန်းဖြောင်၊ တိုယ်တော်ရောင်ဖြင့်၊ ညီနောင်နှစ်ဆော်၊ ကျွန်းလုံးကျော်သည့်၊ ဆည်တော်ဆုတောင်းပြည့်ထထား”**

ဟု စပ်ဆိုသည့်အတိုင်း ငှင်းဆုတောင်းပြည့် ရုပ်ပွားတော် (၂) ဆူသည် ရွှေဆံတော်စေတီရင်ပြင်တော် အရှေ့ဘက်တွင် မည်သည့် အဆောက်အဦးမှ မခြားဘဲ ရွှေဆံတော်စေတီနှင့် တပြင်တည်း တည်ရှိနေသည့် လိုဏ်ဂူထဲ၌ ကိန်းဝပ်တော်မူနေသော ဆုတောင်းပြည့်ညီနောင် ရုပ်ပွားဘုရား (၂) ဆူကို မိမိကိုယ်တိုင် သွားရောက်ဖူးမြော်လေ့လာစဉ်က တွေ့ရှိခဲ့ရသဖြင့်လည်းကောင်း၊ ပြည်မြို့ရွှေဘုန်းပွင့် ပိဋကတ်တိုက်ဥက္ကဋ္ဌ ရှေးဟောင်းသုတေသန ဦးကြိုင်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ရသဖြင့်လည်းကောင်း၊ ယခု ရွှေဆံတော်ဘုရားသည်ပင် ရှေးကမြသီတင်ဘုရားဖြစ်ကြောင်း အတိအကျ သိမှတ်ခွင့်ရရှိခဲ့ပေ၏။

ဤသို့ ဒွတ္တဘောင်မင်းကြီး ဆံတော်ပင့်ယူပုံကို –

၁။ ဦးကုလားရာဇဝင် – ပ ၊ ၁၉၉

၂။ မှန်နန်းရာဇဝင် – ပ ၊ ၂၉၄

www.burmeseclassic.com

၃။ သုဿောဓိတ မဟာရာဇဝင်ကြီး — ပ ၊ ၂၇၁

၄။ စာဆိုတော်များ ရတုပေါင်းချုပ် — ၃၉

၅။ စေတီယကထာ ရာဇဝင်ချုပ် — ၀၅

စသည်တို့၌ လာရှိကြကုန်၏။

## မဟာပိန္နဲသည် ရှေးအမည်

ယခု ပန်းဆိုးတန်းရှိ ကလယ်ဘုရားကျောင်းကို မည်သည့် ကလယ်လူမျိုးတို့ကမှ "မဟာပိန္နဲ" ဟု မခေါ်ဆိုကြဘဲ "စန္ဒိမယ်တော်" ဟူ၍သာ ခေါ်ဆိုကြကုန်၏။ မြန်မာတို့ကမူကား စန္ဒိမယ်တော်ဘုရားကျောင်း မတည်ဆောက်မီ ရှေးပဝေဏီက အမည်ဟောင်းဖြစ်သည့် ဘလ္လိကစေတီတော်၏ ဘွဲ့တော်အတိုင်းသာ အစဉ်အဆက် "မဟာပိန္နဲ" ဟု ယနေ့တိုင်အောင် ဘူတပုဗ္ဗဂတိကနည်းအရ၊ အဆင့်ဆင့်ကြား အနုသုတအားဖြင့် ရေးသားခေါ်ဝေါ်လျက် ရှိကြကုန်၏။

## မဟာပိန္နဲ အစစ်အမှန်

အချို့က ပန်းဆိုးတန်းရှိ ကလယ်ဘုရားကျောင်းသည် ဟိန္ဒူကလယ်လူမျိုးတို့၏ မဟာပိန္နဲဘုရားကျောင်းဖြစ်၍ "မဟာပိန္နဲ" ခေါ်သည်ဟု အမှတ်အသား ထားကြကုန်၏။ မဟုတ်။ အမှန်မှာ ဤပန်းဆိုးတန်းရှိ ကလယ်ဘုရားကျောင်းသည် "စန္ဒိမယ်တော်ကျောင်း" သာဖြစ်၏။ သိမ်ကြီးဈေးအနောက်ဘက်တွင် ကပ်လျက်ရှိသော (၂၄) လမ်း အမှတ် (၁၄၉) ရှိ ကလယ်ဘုရားကျောင်းသည်သာ ကလယ်လူမျိုးတို့၏ "မဟာပိန္နဲ" အစစ်အမှန်ဖြစ်၏။

ကလျာဏီကျောက်စာ နိဿယ ၁၆၂ ၌ကား —

"ဘလ္လိတတည်သောစေတီကား မဟာပိန္နဲစေတီတော်တည်း။ အနော်ရထာစောမင်းသည် ထိုမဟာပိန္နဲစေတီတွင် တည်သော ဆံတော်ဓါတ်တို့ဆောင်ခဲ့၍ ပုဂံမြို့ အရှေ့တောင်ထောင့်၌ "မဟာပိန္နဲ" ဆံတော်ရှင်ဘုရားဟူ၍ ဝစ္စယံငါးဆင့်နှင့် တည်လေသတည်း"

ဟု မိဂပဒဝဠဉ္ဇနည်းအားဖြင့် ဖြစ်စဉ်တော်ကို ကျော်လွှား၍ မှာကြားတော်မူခဲ့၏။

## ဖြစ်တော်စဉ် အမှန်ကား

ဒွတ္တာဘောင်မင်းကြီးသည် ဘလ္လိက၏ မဟာပိန္နဲစေတီတော်ကို ဖျက်ပြီး ဆံတော်ရှာရာ တစ်ဆူမက လေးဆူမျှ တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ပင့်ယူပြီးလျှင် ပြည်မြို့ မြသီတင်ဘုရား (ပြည်ဆံတော်) ၌ ဌာပနာ၏။ ပြည်မြို့ ပျက်သောအခါ ဥဿမင်းက မြသီတင်စေတီတော်ကိုဖောက်၍ ဆံတော် (၄) ဆူကို ပင့်ယူပြီးလျှင် ရွှေမော်ဓောဘုရား၌ (၂) ဆူ၊ ကျိုက်ကလို့ဘုရား၌ (၁) ဆူ (ကျိုက်ကို့လည်းဟူ) ဌာပနာ၏။ ကျန်ဆံတော် (၁) ဆူ[illegible] နန်းတော်ဦး၌ထား၍ နန်းစဉ်ဆံတော်အဖြစ် မင်းအဆက်ဆက်တို့

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်လာကြရာမှ ၎င်းနန်းစဉ်ဆံတော်ကို အနော်ရထာမင်းစော ရပြန်၍ ပုဂံမြို့၌ "မဟာပိန္နဲ ဆံတော်ရှင်ဘုရား" ဟူ၍ တည်ထားခြင်းသာဖြစ်၏။

## ဗိုလ်တထောင်ဘုရားတည် ခုနှစ်

ဆံတော်သည် (၁၀၃) ခု ဝါခေါင်လပြည့်ကျော် (၅) ရက်နေ့၌ ဗိုလ်တထောင်ဆိပ်ကမ်းသို့ ဆိုက်ရောက်တော်မူ၏။ ၎င်းဆိပ်ကမ်းရှိ ရတနာမဏ္ဍပ်တော်၌ (၆) လတိုင်တိုင် သီတင်းသုံးတော်မူပြီးမှ တပုဿ–ဘလ္လိကတို့ ဆံတော်တစ်ဆူစီရ၍ တပုဿ စေတီ တည်ရသဖြင့် (၁၀၃) ခု တပို့တွဲလ၌ ယခု ဗိုလ်တထောင်စေတီတော်ကို စတင်တည်ထားသည်ဟု စကားကျ အဓိပ္ပာယ်ရ၏။

## ဒုတိယဆံတော်

ဤသို့ ဗိုလ်တထောင်စေတီတော်၌ ပထမရေးဦးစွာ တပုဿရရှိ ဌာပနာသော ဆံတော်အကြောင်းကို ထိုထိုရာဇဝင် သမိုင်းတို့အရ ရေးသားပြီးနောက် ဒုတိယဆံတော်အကြောင်းကို မှန်နန်းရာဇဝင်စေတီတော် သမိုင်းပေါင်းချုပ်၊ သထုံရာဇဝင်ပေါင်းချုပ် ကျမ်းကြီး၊ အခြားရာဇဝင် သမိုင်းစာစောင်များနှင့် ဗိုလ်တထောင် စေတီတော်သမိုင်း ရေးဟောင်း လက်ရေးမူစာမျက်နှာ (၃) မှစ၍ အကျယ်တဝင့်လာရှိသည်များကို ကိုးကားယူ၍ ရေးသားပေအံ့။



သုဓမ္မဝတီသထုံပြည်၌ တိဿဓမ္မ သီဟရာဇာမင်းနှင့် သီရိကမ္ပါဒေဝီ မဟေသီမိဖုရားတို့ စိုးစံခိုက်တွင် တိလင်္ဂဏာ တိုင်းသား တောလ်ဂူစသော နိုင်ငံခြားသားများ ချင်းနင်းဝင်ရောက်ဖန် များသဖြင့် –

သားတော် ၁။ တိဿဘောဂသေန

၂။ တိဿနာဂသေန

၃။ တိဿနရသီဟ နှင့်

သမီးတော် ၄။ နန်းစော

တို့အား နိုင်ငံတော်အတွင်း၌ မြို့ရွာတည်ထောင်၍ သထုံပြည်ကြီးကို ကာကွယ်စောင့်ရှောက်ရန် စေလွှတ်လေ၏။

ကျန်သမီးတော် ၅။ သုဝဏ္ဏဒေဝီကား မိမိအပိုင်စားရသော ယခုဒလမြို့ဟောင်းနေရာ စကားကျွန်းသို့ ရွှေ့ပြောင်းစံနေ၏။

အငယ်ဆုံးသားတော်ဖြစ်သော ၆။ ဝိဇယကုမာရကိုကား ဝိဇ္ဇာဓိုရ်များ ခေါ်ဆောင်သွားကြပြီး အင်းအိုင်ဆေးဝါးမန္တန် အတတ်တို့ဖြင့် ပြုပြင်စီရင်ပေးသောကြောင့် ဟိမဝန္တာ၌ ဝိဇ္ဇာဓိုရ်ဖြစ်နေ၏။

## တိတ္တိမသား မွေးစားခြင်း

တိဿဓမ္မ သီဟရာဇာမင်းကြီး၌ သားသမီးများ မရှိကြတော့ သဖြင့် မင်းကြီးနှင့် အမည်တူဖြစ်သော တိဿပုရောဟိတ် အမတ် ကြီး၏ သားတော်များဖြစ်ကြသော –

www.burmeseclassic.com

www.burmeseclassic.com



၁။ တိဿကုမာရ

၂။ ဝိဇယကုမာရ

ဟူသော သားတော်နှစ်ပါးကို ဘုရင်မင်းမြတ်က တောင်းယူမွေးစားထားလေ၏။ ၎င်းကိုတ္တိမမင်းသားနှစ်ပါးတို့လည်း တောထွက်၍ ရသေ့ပြုကြပြီးလျှင် –

၁။ နောင်တော် တိဿကုမာရက "တိဿရသေ့" ဟူသောအမည်ဖြင့် ဂစ္ဆဂိရိ (ဖင်းကျိုက်တောင်) ၌နေ၏။

၂။ ညီတော် ဝိဇယကုမာရက "သီဟရသေ့" ဟူသော အမည်ဖြင့် ဗန္ဓဝဂိရိ (ဖွဲကပင်တောင်) ၌နေ၏။

## ဥဘွားမင်းသား ၂ ပါး

တစ်နေ့သ၌ ဝိဇ္ဇာဓိုရ်ဖြစ်သွားသော ဝိဇယကုမာရမင်းသား ဇော်ဂျီယောက်ျားနှင့် နဂါးမတစ်ဦး ပျော်မြူးကြရာမှ မွေးဖွားသော ဥကြီး (၂) လုံးကိုရ၍ ဖင်းကျိုက်တောင် တိဿရသေ့ (၁) လုံး၊ ဖွဲကပင်တောင် သီဟရသေ့ (၁) လုံးအားဖြင့် အသီးသီးယူထားကြရာမှ ယောက်ျားကလေးနှစ်ဦး ပေါက်ဖွားလာရာ –

၁။ နောင်တော်တိဿရသေ့၏ ဥမှ ပေါက်ဖွားသောသားကို "သူရိယကုမာရ"

၂။ ညီတော်သီဟရသေ့၏ ဥမှပေါက်ဖွားသောသားကို "စန္ဒကုမာရ" ဟု အမည်ပေးကြကုန်၏။ သို့ရာတွင်



ဝိဇ္ဇာနှင့် နဂါးမမှ ပေါက်ဖွားခြင်းကြောင့် နှစ်ဦးလုံးကိုပင် "ဝိဇ္ဇာနာဂ" ဟု ခေါ်ကြကုန်၏။

## တစ်ဦးကွယ်လွန်၍ တစ်ဦးမင်းဖြစ်ခြင်း

စန္ဒကုမာရမင်းသားသည် (၁၁) နှစ်သားအရွယ်တွင် ကျောက်ပေါက်သောရောဂါဖြင့် ကွယ်လွန်၍ မဇ္ဈိမဒေသ မိထိလာပြည် "အတုလ" သူကြွယ်သမီး "သုမန" ၏ ကြာဝမ်းတိုက်၌ သန္ဓေစွဲယူ ဖွားမြင်ပြီးနောက် (၈) နှစ်သားအရွယ်တွင် အဘိုး အတုလသူကြွယ်၏ ဆွမ်းကျွေးပွဲ၌ တရားနာရ၍ ရှင်ရဟန်းပြုပြီးလျှင် "အရှင်ဂဝံပတိ" ဟု ရဟန္တာဖြစ်လေ၏။ တိဿဓမ္မသီဟရာဇာမင်းကြီး နတ်ပြည်စံလွန်ပြီးနောက် သူရိယကုမာရ ဝိဇ္ဇာနာဂအား "သီရိမာသောကတိဿ ဓမ္မသီဟရာဇာ" ဟူသော ဘွဲ့အမည်ဖြင့် မင်းမြှောက်ကြကုန်၏။

## အရှင်ဂဝံပတိ သထုံကြွတော်မူခြင်း

သီရိမာသောက တိဿဓမ္မသီဟရာဇာမင်း လက်ထက် အရှင်ဂဝံပတိမထေရ်က ငါ၏ မယ်တော် "သုမန" သည် ကွယ်လွန်ပြီးနောက် အဘယ်အရပ်၌ ဖြစ်ပါလိမ့်မည်နည်းဟု ကြည့်ရှုလေလျှင် ရာမညတိုင်း မွန်ပြည်၌ ဖြစ်သည်ကိုမြင်၍ မယ်တော်နှင့် နောင်တောင်ဖြစ်ခဲ့ဖူးသော သီရိမာသောက တိဿဓမ္မသီဟရာဇာ

www.burmeseclassic.com



မင်းထံ သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့မင်း နန်းတော်သို့ ကြွလာတော်မူ၏။

## ဘုရားရှင်အား ပင့်ပေးရန် တောင်းပန်ခြင်း

ကြွရောက်တော်မူလာပြီးနောက် အရှင်ဂဝံပတိ မထေရ်က မင်းနှင့်တကွသော ပရိသတ်အား တရားဟောရာ မင်းကြီးက "အရှင်သည် လူတွင်တမွတ် အထွတ်အဖျားဖြစ်တော်မူပါပေ၏" ဟု လျှောက်ထားလေလျှင် ရဟန္တာအရှင် ဂဝံပတိမထေရ်က –

"အကျွန်ုပ်ကား လူတွင်တမွတ် အထွတ်အဖျား မဟုတ်ပါပေ၊ သုံးဆယ့်တစ်ဘုံရှိ လူ နတ် ဗြဟ္မာ သတ္တဝါ အားလုံးတို့၏ ဉသျှောင်တမွတ် အထွတ်မုန်ကူ သယမ္ဘူမြတ်ဖျား စောဘုရားသည် မဇ္ဈိမတိုက် သမိုက်ခေါ်ဆို ထိုထိုမြို့ရွာတို့၌ လေးဖြာယာပထ မျှတတင့်တယ် စံပယ်တော် မူနေပါ၏။ ၎င်းဇိနသုံးလူ့ဘသည်သာ လူတွင်တမွတ် အထွတ်အဖျား ဖြစ်တော်မူပါပေ၏" ဟု မိန့်ကြားတော်မူလေလျှင် ထိုဘုရားရှင်အား ပင့်ပေးပါရန် မင်းကြီးနှင့်တကွ ရောက်လာကြသော ပြည်သူပြည်သားတို့က အရှင်ဂဝံပတိအား ပန်ကြားလျှောက်ကြလေ၏။ အရှင်ဂဝံပတိမထေရ်ကလည်း ယနေ့မှ နောက် (၇) ရက်မြောက်ဖြစ်သောနေ့၌ ပင့်ဆောင်ခဲ့ပါမည်ဟု မိန့်ကြားတော်မူပြီးလျှင် ကောင်းကင်ယံ အာကာလမ်းက ပြန်လည် ကြွမြန်းတော်မူလေ၏။ (ဗိုလ်တထောင်စေတီမဟာ သမိုင်းတော်ကြီး



၌ အပြည့်အစုံပါ၏။)

## မြတ်စွာဘုရား ကြွလာတော်မူခြင်း

အရှင်ဂဝံပတိမထေရ်လည်း ပဋိညာဉ်ယူသွားသည့်အတိုင်း ဗိဒေဟရာဇ်တိုင်း မိထိလာပြည်သို့ ဒေသစာရီလှည့်လည် ဆိုက်ရောက်တော်မူနိုက်ဖြစ်သော မြတ်စွာဘုရားအား –

"သုဝဏ္ဏဘုံ သထုံပြည့်ရှင် ဘုရင်သိရိမာသောကတိဿ မ္မသီဟရာဇာမင်းနှင့်တကွ တိုင်းသူပြည်သားတို့က ဘုရားရှင် ကြွလာတော်မူရန် ပြင်းပြစွာဆန္ဒရှိကြပါကြောင်း" လျှောက်ထားလေရာ၊ သုဝဏ္ဏဘုံ သထုံပြည်ကဲ့သို့ နောင်အနာဂတ်ကာလ၌ ငါဘုရား သာသနာ ရှည်မြင့်စွာ တည်မည့်အရေးကို မြော်တွေးတော် မူပြီးလျှင် တရုတ်ပြည် မာလတမြို့၊ လောပြည် သောက္ကဒဲမြို့၊ ထားဝယ်မြို့ သော ရာမညတိုင်း မွန်တို့၏ အရပ်ဒေသများသို့ လှည့်လည်တော် မူပြီးလျှင် မဟာသက္ကရာဇ် (၁၁၁) ခု၊ ဟေမန္တဉတု တန်ဆောင်မုန်း မာသ ဆောင်းလအတွင်း၌ နောက်ပါ သံဃာ (၅၀၀) တို့နှင့်တကွ သုဝဏ္ဏဘူမိအရပ် ဇင်းကျိုက်တောင်၏ မြောက်ဘက်ခရီး (၇) တိုင်ခန့်အကွာရှိ သုဓမ္မဝတီခေါ် ယခု သထုံမြို့သို့ ဒေသစာရီ ကြွချီတော်မူ၏။

(သံဃာတော် ၂၀၀၀၀ နှင့်တကွ သထုံပြည်သို့ တိုက်ရိုက် ကြွလာတော်မူကြောင်း ကလျာဏီကျောက်စာနှင့် အချို့သမိုင်းတို့၌

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြကုန်သေး၏။)

## ကျွတ်တမ်းဝင်ကြပုံ

သထုံပြည်သို့ ဘုရားရှင် ကြွရောက်တော်မူလာပြီးလျှင် မြို့နှင့် မနီးမဝေးသောအရပ်၌ (သက်တင့်ရေးနှင့် တူသည့် သိင်္ဂုတ္တရ ... ) (သက်တင့်ရေးနှင့် တူသည့် သိဂ်နိုက် မြသပိတ်တောင်ထွတ်၌ အချို့မူ) ဆောက်လုပ်ထားအပ်သော ရတနာမဏ္ဍပ်အတွင်းဝယ် နေမင်းကဲ့သို့ တင့်တယ်စွာ သီတင်းသုံးတော်မူလျက် ရသေ့ကြီးများနှင့် မင်းကြီးအမှူးထားပြီး ရောက်လာကြသော တိုင်းသူပြည်သားတို့အား (၇) ရက်ပတ်လုံး တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ တရားနာပရိသတ်တို့လည်း သရဏဂုံသီလစသော သုစရိုက်တရားတို့၌ တည်ကြကုန်၏။

## ရသေ့ ၆ ဦးတို့အား ဆံတော် ၁ ဆူစီ ပေးတော်မူခြင်း

ထိုစဉ်အခါက ဘုရားအရှင်ထံတော်သို့ အလျင်အမြန်အရောက်လာကြသော အကြီးအမှူးရသေ့ကြီး ၆ ဦးတို့က ကိုးကွယ်ရန် ကိုယ်တော်စား ပေးသနားတော်မူပါမည့်အကြောင်း လျှောက်ထားတောင်းပန်ကြသဖြင့် ဘုရားရှင်သည် ညာလက်ရုံးတော်ကို ဆန့်တန်းတော်မူ၍ ဦးခေါင်းတော်ကို သုံးသပ်တော်မူရာ ပါလာသော ဆံတော် (၆) ဆူကို ရသေ့ကြီး (၆) ဦးတို့အား အသီးသီး ပေးသနားတော်မူ၏။



## ရသေ့ကြီး ၆ ဦးတို့ကား

၁။ ဂဇ္ဈာဂိရိ (ဂဇ္ဇဂိရိ) ဇင်းကျိုက်တောင်နေ တိဿရသေ့၊
၂။ ဗန္ဓဝဂိရိ (ဗဒ္ဓဂိရိ) ဇွဲကပင်တောင်နေ သီဟရသေ့၊
၃။ မဏိအဇ္ဈတ္တဂိရိ (ဒိုးကမော့ခတွဲဂလိုင်) ကျိုက်ထီးရိုးတောင်နေ ဗုဒ္ဓဉာဏတိဿရသေ့၊
၄။ ဒိုးခလွန်းကေလာသတောင်နေ တိလရသေ့၊
၅။ သီရိပဗ္ဗတ (ဒိုးကုနာရုံ) ဘီးလင်း ကုသိနာရုံတောင်နေ ဒိဗ္ဗစက္ခုအဘယရသေ့၊
၆။ နာဂပဗ္ဗတ မဲလံတောင်နေ မဲလံရသေ့ အားဖြင့် (၆) ဦးတို့ ဖြစ်ကြကုန်၏။

(အကျယ်ကို ဗိုလ်တထောင်စေတီတော် မဟာသမိုင်းတော်ကြီး၌ ရှုပါကုန်။)

## မင်းကြီးအား ဆံတော် ပေးတော်မမူသေးပုံ

ဤသို့ရသေ့ (၆) ဦးတို့အား ဆံတော်များ အသီးသီး ပေးသနားတော်မူသောအခါ သီရိမာသောကတိဿဓမ္မသီဟရာဇာ မင်းကြီးကလည်း ကိုးကွယ်ပူဇော်ရန် မိမိအားလည်း ဆံတော်ပေးသနားတော်မူပါရန် တောင်းပန်လျှောက်ထားလေရာ ပေးသနားချိန် မရောက်သေး၍ မြတ်စွာဘုရားက –

"အသင်မင်းကြီး ဆံတော်ကို ယခုအခါ မတောင့်တလေလင့်ဦး၊ ငါဘုရား

www.burmeseclassic.com

www.burmeseclassic.com



**ဝရိန်ရွာနိဝင် စံတော်မူလျှင် စန္ဒကူးသင်းဆုံအကြားမှ (၃၃) ဆူသော သွားတော် ဓာတ်မြတ်တို့ကို ဝဝံပတိရာနည်ဝင်ဆောင်၍ သင်ခင်းကြီးအား ပေးထိမ်ယတ္တ’’**

ဟု မိန့်ကြားတော်မူပြီးလျှင် မင်းကြီးအား ဆံတော်ဓာတ် ပေးတော်မမူသေးဘဲ နေတော်မူ၏။

## အခြားပုဂ္ဂိုလ်များလည်း ဆံတော်ရကြပုံ

ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အကြီးအမှူးဖြစ်ကြသော ရသေ့ (၆) ဦးတို့အား ဆံတော်များကို အသီးသီးတစ်ဆူစီ ပေးအပ်တော်မူပြီးနောက်၊ အခြားပုဂ္ဂိုလ် (၉) ဦးတို့ကလည်း ဆံတော်များရရန် တောင်းခံကြပြန်ရာ ၎င်းပုဂ္ဂိုလ် (၉) ဦးတို့အားလည်း အသီးသီး ဆံတော်တစ်ဆူစီကို ပေးသနားတော်မူပြန်၏။ ဆံတော်ရရှိသော ရသေ့များမှာ –

၁။ သီဟဒီပကျွန်း ဥတ္တရဂ်တောင်နေ ကဿပဂ်တိဿ ခေါ် ရသေ့ခေါက်၊

၂။ ဆောင်ခဲတောင် ယခု ကျိုက်တဲကုန်းတောင်နေ အလ္လကပ္ပ ရသေ့၊

၃။ ဒိုးယွန်းတောင်၊ ယခု ကျိုက်ဒေးယျုံ ကညင်တောင်နေ ဒိုးယွန်းရသေ့၊

၄။ ကျိုက်ခမီတောင် ယခု တောင်ပိုင်းနေ ကျိုက်ခမီရသေ့၊

၅။ မွတ်လအိတောင်နေ ကပ္ပရသေ့၊

၆။ မွတ်လအပ်တောင်နေ နာရဒရသေ့၊

၇။ ဝါဂရူလမိုင်း ကေလာသတောင်နေ ကေလာသရသေ့၊

၈။ သယံဿနဂရ မထော်သူကြွယ်

၉။ ကော့ယက္ခဖုတ်သုတ်ကျွန်း နတ်ဘီလူးညီနောင်တို့ – ဖြစ်ကြကုန်၏။

(အကျယ်ကို ဗိုလ်တထောင်စေတီ မဟာသမိုင်းတော်ကြီး၌ ရှုပါကုန်)



## မင်းကြီးအား ဆံတော် ၂ ဆူ ပေးတော်မူခြင်း

ဤသို့ ဒုတိယအကြိမ် ပုဂ္ဂိုလ် (၉) ဦးတို့အား အသီးသီး ဆံတော်များ ပေးသနားတော်မူသောအခါ သီရိမာသောကတိဿ ဓမ္မသီဟရာဇာမင်းကြီးက မြတ်စွာဘုရားသည် ယခုတဖန် ပုဂ္ဂိုလ် (၉) ဦးတို့အား ဆံတော်များ ပေးသနားတော် မူပြန်ကုန်ဘိ၏။ နေ့ ည မရွေး ငါ၌ သေဘေးရှိ၏။ (၃၃) ဆူသော သွားတော်များမရသေးမီ ဆံတော်ကို ပူဇော်ရန် ငါလည်းတောင်းပန်မှ သင့်လျော်တော့မည်ဟု ကြံစည်တွေးတောပြီးလျှင် ဆံတော်ပေးသနားပါရန် တောင်းခံလျှောက်ထားလေ၏။ ဘုရားရှင်ကလည်း ပေးချိန်တန်ပြီဟု မင်းကြီးအား ဆံတော် (၂) ဆူ ပေးသနားတော်မူပြန်၏။

အခြားပုဂ္ဂိုလ်တို့အား ဆံတော်တစ်ဆူစီသာ ပေးတော်မူပြီးလျှင် သီရိမာသောကတိဿ ဓမ္မသီဟရာဇာမင်းကြီးအား ဆံတော်

www.burmeseclassic.com

www.burmeseclassic.com



(၂) ဆူ ပေးသနားတော်မူခြင်းသည် မြတ်စွာဘုရားကို ပင့်ပေးပါရန် အရှင်ဂဝံပတိအား လျှောက်ထား တောင်းပန်ကြသော ပုဂ္ဂိုလ်တို့တွင် မင်းကြီးသည် ပဓာနပုဂ္ဂိုလ်ဖြစ်သောကြောင့် ဆံတော် (၂) ဆူ ပေးတော်မူခဲ့ခြင်းဖြစ်၏ဟု ယူဆနိုင်၏။

## ကျောက်စာနှင့် ညှိခြင်း

သိရိမာ သောဓာ ရာဇိ ဝေသာခတုံ ဘဝဝန္တဓာယာနိ၊ ဘဏ၀ါ နိုဝ်ဒ္ဓါသိ။

အလဲ ဓောရာဇဝေသ ဓဇတုယာ။ ပ။ ဝေသာခတုံ နာဒ်သိ။

သိရိမာ သောကမင်းလည်း ဆံတော်ကို မြတ်စွာဘုရားထံ တောင်း၏။ မင်းကြီးဆံတော်ခါတ်ဖြင့် မသင့်သေးဟု တားမြစ်တော်မူပြီး။ ပ။ ဆံတော်ပေးတော်မမူ – ဟု လာသော ကလျာဏီ ကျောက်စာရာမည ရဋ္ဌစေတီယဝံသနှင့် အလားတူလာသော မောဓောကျောက်စာ စကားတို့ကား ရသေ့ကြီး (၆) ဦးတို့အား ပထမအသုတ် ဆံတော်ပေးစဉ်က မင်းကြီးအား ပေးတော်မမူသေးသည်ကို ရည်ရွယ်၍ မိန့်ဆိုသည်ဟုယူလျှင် မင်းကြီးအား ဆံတော် (၂) ဆူ ပေးတော်မူခဲ့သည်ဟုလာသော မှန်ရာဇဝင်နှင့် စေတီတော်သမိုင်း ပေါင်းချုပ် (၂၃)။ သထုံရာဇဝင် ပေါင်းချုပ်ကျမ်းကြီး (၆၃)။ ပဲခူးရွှေမောဓောသမိုင်း ရာဇဝင်ချုပ်မူဟောင်း (၂၃)။ ကျိုက်ဒေးယျံ စေတီတော်သမိုင်းနှင့် (၁၅) ဆူ ဆံတော်ရှင်သမိုင်း (၈)။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၂) စာမျက်နှာ (၇၅) စသည်တို့နှင့်



မဆန့်ကျင်တော့ပေ။

## ဗိုလ်တထောင်စေတီ ဒုတိယဆံတော်

ဤသို့ သိရိမာသောကာတိဿ ဓမ္မသီဟရာဇာမင်းကြီး ရရှိလိုက်သော ဆံတော် (၂) ဆူအနက်၊ (၁) ဆူကို သင်္ဂန်းကိုဂ်တောင် ခေါ် ယခု မြသပိတ်တောင်၊ မြသပိတ်စေတီတော်၏ မြောက်ဘက်၌ စေတီတည်၍ ဌာပနာ၏။ ယခု မည်သည့်နေရာ မည်သည့်စေတီ ဟု မသိကြတော့ပြီ၊ ကျန်ဆံတော် (၁) ဆူကို သူရသေနအမတ်ကြီး အား အပ်နှင်းပြီးလျှင် သင့်လျော်မည့်နေရာ၌ စေတီတော်တည် စေရာ အမတ်ကြီးက အဓိကရဖြစ်သော သိင်္ဂုတ္တရကုန်းတော် ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့တောင်ထောင့် ယွန်းယောင်းတာ (၁၀၀၀) ခန့်အကွာရှိ ဆံတော် (၈) ဆူ ရှေးဦးစွာ (၆) လတိုင်တိုင် ကိန်းဝပ်ရပ်နား စံပယ်တော်မူရာ ဌာန၌ တပုဿဆံတော် (၁) ဆူ ဌာပနာ၍ တည်ထားသော ရှေးအခေါ် ကျိုက်ပါ ယခုအခေါ် ဗိုလ်တထောင်စေတီတော်၌ ဌာပနာ၍ စေတီတော်ကိုလည်း ထပ်မံ ပြုပြင်ပြန်သည်။

ဤသို့ ရာဇဝင်၊ သမိုင်း၊ စာစောင်များနှင့် ဗိုလ်တထောင် စေတီတော်သမိုင်း လက်ရေးမူရှေးစာဟောင်းများ၌ အခိုင်အမာ ဆိုထားသော စကားရပ်များကို ထောက်ထား၍ ဤဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်၌ –



www.burmeseclassic.com

www.burmeseclassic.com



၁။ တပုဿဥာပနာသော ဆံတော်ဓါတ် (၁) ဆူ၊

၂။ သူရသေနအမတ်ကြီး ဌာပနာသော ဆံတော်ဓါတ် (၁)ဆူ အားဖြင့် ဆံတော်ဓါတ် (၂) ဆူ ရှိသွားပြီဟု သိရ၏။

## တတိယဆံတော်

| | |
|---|---|
| ၁။ မဏိဒီပကျွန်း | ၅။ သီဟဒီပကျွန်း |
| ၂။ ခုဒ္ဒဒီပကျွန်း | ၆။ သန်လျင်ကျွန်း |
| ၃။ တြိယင်္ဂကျွန်း | ၇။ ဥတ္တရင်္ဂကျွန်း |
| ၄။ တြိဝင်္ဂကျွန်း | ၈။ တည်ညင်ကျွန်း |

စသော အမည်တို့ဖြင့် ထင်ရှားသောကျွန်း၌ ဘောဂသေနဘွဲ့ခံ သီဟဒီပမင်းကြီးနှင့် သုဝဏ္ဏဒေဝီမိဘုရားကြီးတို့ စိုးမိုးအုပ်ချုပ်မင်းလုပ်နေခိုက်တွင် –

## သီဟိုဠ်၌ ရေဘေးသင့်ခြင်း

သီဟိုဠ်ကျွန်းသို့ အရှင်မဟာမဟိန္ဒ အရှင်ဣဋ္ဌိယ အရှင်ဥတ္တိယ အရှင်ဘဒ္ဒသာလ အရှင်သမ္ဗလ မထေရ်ငါးပါးတို့ သာသနာပြုကြွရောက်တော် မူကြပြီးနောက် သုံးနှစ်မြောက်ဖြစ်သော သာသနာတော် (၂၃၈) ခုနှစ်တွင် သီဟိုဠ်ကျွန်း၌ ပင်လယ်ရေတိုက်စားသဖြင့် အလွန်ကြောက်မက်ဖွယ် ကောင်းလောက်အောင် ကမ်းပြိုသောဘေးနှင့် တွေ့ကြုံနေရလေ၏။



## ဝေပုလ္လပတ္တမြားရတနာ

သုဝဏ္ဏဘုံ သထုံနယ်မြေ တိုက်ကလားမြို့ကို ပင်လယ်ရေတိုက်စားစဉ်က အသုံးပြုခဲ့ဘူးသော ကမ်းမပြိုစေလိုသည့် နေရာ၌ မြှုပ်ထားက ကမ်းမပြိုတော့ခြင်း၊ ကုန်းပေါ်စေလိုသည့် ရေထဲသို့ ပစ်ချက ကုန်းပေါ်လာစေခြင်း အာနုဘော်ရှိသည့် ဝေပုလ္လပတ္တမြားရတနာသည် သုဝဏ္ဏဘုံသထုံနယ်မြေ တိုက်ကလားမြို့၌ရှိကြောင်း ဒေဝါနံ ပိယတိဿမင်းကြီး ကြားသိရသဖြင့် အရှင်ယသ အရှင်သောဏ အရှင်သုခ အမှူးရှိသော ရဟန္တာအရှင်မြတ် (၈) ပါးတို့အား –

၁။ ဆံတော် ၁၆ ဆူ

၂။ ဓာတ်တော် ၃၂ ဆူ

တို့ကို ဓမ္မလက်ဆောင်အဖြစ် အပ်နှင်း၍ ဝေပုလ္လပတ္တမြားရတနာ တောင်းခံရန် လျှောက်ထားသည့်အတိုင်း ရဟန္တာမထေရ် တို့လည်း တိုက်ကလားမြို့ ယုဂန္ဓကုမ္မာမင်းထံသို့ ကြွရောက်တောင်းခံတော်မူကြကုန်၏။

## မဏိဒီပ သံလျင်ကျွန်းသို့ ညွှန်ကြားခြင်း

ထိုအခါ ယုဂန္ဓကုမ္မာမင်းက "၎င်းဝေပုလ္လပတ္တမြားရတနာသည် မူလက မဏိဒီပကျွန်းခေါ် သံလျင်ကပိုင်ဆိုင်သော ပတ္တမြားရတနာဖြစ်ကြောင်း၊ တိုက်ကလားမြို့ကို ပင်လယ်ရေတိုက်စားစဉ်က

www.burmeseclassic.com

www.burmeseclassic.com



သံလျင်ဘုရင် "မွန်စလိုင်မင်း" ထံသို့ သံတမန်စေလွှတ်ပြီး တောင်းယူသဖြင့် ရခဲ့ဖူးကြောင်း၊ ၎င်းနောက်သားတော် "အသောက" မင်းသား ရေသဘင်ကစားစဉ် ရေတွင်ကျ၍ ပျောက်ဆုံးခဲ့ကြောင်း၊ ၎င်းပတ္တမြားရတနာ ကျရာနေရာ၌ သောင်ထွန်း၍ ဝက်ကြီးတစ်ကောင်က ရရှိပြီးလျှင် ၎င်းဝက်ကြီးထံမှ "အပဟိမုခ သုဝဏ္ဏ" မုဆိုးကြီးရရှိပြန်၏။ မုဆိုးကြီးက ၎င်းပတ္တမြားရတနာကို တြိဟကမ္မာ မည်သော ဒဂုံမြို့သမန္တလေ (သီရိဓမ္မာသောက) မင်းအား ဆက်သပြန်ပါ၏။ သံလျင်မြို့ ကနက္ကရာဇာမင်းလက်ထက် မြို့၏တောင်ဘက်က သမုဒ္ဒရာရေစီးပြင်း၍ ဘုရားပုထိုးများ ပျက်စီးအောင်ကမ်းပြိုရာ ဒဂုံသမန္တလေမင်းထံမှ ပတ္တမြားရတနာကို တောင်းခံ၍ သံလျင်မြို့၏ တောင်ဘက်၌ ဘုရားဌာပနာတိုက်သဖွယ်ပြု၍ မြှုပ်နှံထားပါ၏။ ထို့ကြောင့် ၎င်းပတ္တမြားရတနာသည် ယခုအခါ မဏိဒီပကျွန်း (သံလျင်) သို့ ပြန်လည်ရောက်ရှိနေပါကြောင်း။ ယခု အုပ်စိုးလျက်ရှိသော "ဘောဂသေန" သံလျင်မင်းထံ ကြွရောက်မေတ္တာရပ်ခံတော်မူပါဟု လျှောက်ထားလေ၏။

## ဆံတော် ဓါတ်တော် ပေးအပ်ခြင်း

ထိုအခါ ရဟန္တာ (၈) ပါးတို့လည်း မဏိဒီပကျွန်း (သံလျင်) သို့ ကြွရောက်တော်မူကြပြီးလျှင် ဒေဝါနံပိယတိဿ မင်းကြီးအပ်နှင်းလိုက်သည့် ဓမ္မလက်ဆောင်တော်ဖြစ်သော ဆံတော် ဓါတ်တော်များ



ကို ဘောဂသေနမင်းကြီးအား အပ်နှင်းကြကာ အကြောင်းစုံကို မိန့်ကြားတော်မူကြကုန်။ ဘောဂသေနမင်းကြီးလည်း ဆံတော် ဓါတ်တော်များကို ရသဖြင့် အတိုင်းမသိဝမ်းမြောက်တော်မူလှသဖြင့် ၎င်းဝေပုလ္လပတ္တမြားရတနာကို ရဟန္တာအရှင်မြတ်တို့ထံ အပ်နှံတော်မူလိုက်လေ၏။

## ရဟန္တများ သံလျင်သို့ သာသနာပြုကြွခြင်း

ဘောဂသေနမင်းကြီးလည်း ရဟန္တာအရှင်မြတ်တို့အား မဏိဒီပကျွန်း (သံလျင်) သို့ တဖန်ပြန်လည် ကြွရောက်တော်မူပြီး သာသနာပြုရန် လျှောက်ထားလိုက်သည့်အတိုင်း ရဟန္တာအရှင်မြတ် (၈) ပါးတို့လည်း သီဟိုဠ်ကျွန်းသို့ ပတ္တမြားရတနာ ပို့ဆောင်ပြီးနောက် မဏိဒီပကျွန်း (သံလျင်) သို့ ပြန်လည်ကြွမြန်းတော်မူလာကြကုန်၏။

သီဟဒီပမင်းကြီးလည်း ၎င်းဆံတော် ဓါတ်တော်များကို ရဟန္တာ (၈) ပါးနှင့် တိုင်ပင်ပြီးလျှင် –

၁။ စေတီတော် (၁၁) ဆူတည်ခြင်း

၂။ သိမ်တော်ကြီး (၉) လုံး သမုတ်ခြင်း

တို့ကိုပြု၍ သာသနာတော်အကျိုးကို သည်ပိုးဆောင်ရွက်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



## စေတီတော် (၁၁) ဆူကား

၁။ ကျိုက်ကစံစေတီ

၂။ ကျိုက်အသုတ်စေတီ

၃။ ကျိုက်မဲသကရောစေတီ

၄။ ကျိုက်ကမာကမုစေတီ

၅။ ကျိုက်ကမာစိန်စေတီ

၆။ ကျိုက်ဒေးတဲ့စေတီ

၇။ ကျိုက်ဖွဲကမော့စေတီ

၈။ ကျိုက်ဒင်းမဲစေတီ

၉။ ကျိုက်ခပေါက်စန္ဒတ်စေတီ

၁၀။ ကျိုက်ခပေါက်ဆွတ်စေတီ

၁၁။ ကျိုက်ဒေးအပ်စေတီ

တို့ဖြစ်ကြကုန်၏။ ၎င်းစေတီတော်တို့အနက်သက်ဆိုင်ရာ ဗိုလ်တထောင်စေတီတော်၏ သမိုင်းတော်ကိုသာ ဤနေရာ၌ဖော်ပြပါအံ့။ (အကျယ်ကို ဗိုလ်တထောင်စေတီ မဟာသမိုင်းတော်ကြီး၌ ရှုပါကုန်။)

## ဗိုလ်တထောင်စေတီတော်

ဤသို့ သံလျင်ဘောဂသေနမင်းကြီးသည် ရဟန္တာ(၈)ပါးနှင့် တိုင်ပင်၍ စေတီတော် (၁၁) ဆူတည်ရာဝယ် အမတ်သုရဲကောင်း



ကြီး အသီးသီးတို့အား တာဝန်ပေးအပ်၍ တည်စေ၏။ ဤသို့တည်စေရာ၌ ဗိုလ်တထောင်စေတီတော်အတွက် မဟာမစ္စသေနာပတိ သူရဲကောင်းအမတ်ကြီးအား ၎င်း၏ဆရာတော် ကျောင်းကုန်းရဟန်းခေါ် ပုဂ္ဂိုလ်ကျော်နှင့် တိုင်ပင်၍ တည်စေရာ

၁။ တပုဿ ဌာပနာသော ပထမဆံတော်တစ်ဆူ၊

၂။ သူရသေန ဌာပနာသော ဒုတိယဆံတော်တစ်ဆူ၊

ဤသို့ဆံတော်နှစ်ဆူ ကိန်းဝပ်တော်မူရာဌာနဖြစ်သော ကျိုက်ဒေးအပ်စေတီတော်၌ပင် ဆံတော်တစ်ဆူနှင့် ဓာတ်တော်များ ထပ်မံဌာပနာပြီးလျှင် စေတီတော်ကိုလည်း အသစ်တဖန် မွမ်းမံပြင်ဆင်ပြန်သည်။ (တတိယဆံတော်ကို ဌာပနာ၍ပြန်လည် မွမ်းမံသောနှစ်ကို မြန်မာသက္ကရာဇ် (၃၅၉) ခုနှစ်ဟု သုံးတိုင်းရာဇဝင်ချုပ်ကျမ်း (၁၉၇) ၌ဆို၏။ )

ပြီးပါပြီ။

၁၃၃၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်။
(၁၉ - ၁၀ - ၇၁) အင်္ဂါနေ့။
ဦးပညာသာမိ
ဘုံပျံဆရာတော် ကျောင်းကြီးတိုက်
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



## ညွှန်ကြားချက်

ဤမိုလ်တထောင်စေတီတော် သမိုင်းအကျဉ်း၌ အပြည့်အစုံ မဖော်ပြနိုင်ပါ။ အကျယ်အပြည့်အစုံကို သိလိုလျှင် အောက်ပါအချက်အလက်တို့ကို အပြည့်အစုံ ဖော်ပြထားသော မိုလ်တထောင်စေတီ မဟာသမိုင်းတော်ကြီးကို ကြည့်ရှုကြပါကုန်။

၁။ မယ်ကမှ ခေါ် မယ်လမှ
၂။ ပေါလ ခေါ် ဥက္ကလာဘ
၃။ ကော့ကျွန်း ခေါ် ကပင့်
၄။ သကာလဲ ခေါ် သုဝဏ္ဏသူရှေး
၅။ သတာပံ ခေါ် သူရှေးကတော်
၆။ တပု–တပေါ ခေါ် တပုဿ–ဘလ္လိက
၇။ ပျားမုံ့ဆုပ် မုံ့ကြွတ်ကျစ်လုပ်ပုံ
၈။ အဖျ္တတ္တနဂရမြို့ ယခု အဘယ်မှာလဲ
၉။ ရခိုင်ဆံတော်ရှင်စေတီအကျယ်
၁၀။ ရခိုင်မဟာမုနိနှင့် မန္တလေးမဟာမုနိ
၁၁။ ရခိုင်ပြည်ဟု ခေါ်ဆိုပုံအကြောင်း
၁၂။ အင်းဗဝ–စစ်တွေ–အက်ကျပ်တ် မည်ပုံ
၁၃။ ကိုယ်တိုင်ဖူးခဲ့ရသော "ဘုရားပေါ်" ဘုရား
၁၄။ မော်တင်စွန်းဖေယျသေနနဂါးခိုးယူပုံ
၁၅။ ၄င်းဆံတော်ယခု အဘယ်မှာရှိသည်



၁၆။ တွံတေးနှင့် ကပင့်ခေါ်ပုံ
၁၇။ ကွမ်းခြံကုန်းတွံတေးကြားဆံတော်ကြိုစေတီ (၉) ဆူ
၁၈။ ဒဂုံ ရန်ကုန်မည်ပုံ
၁၉။ ငါးမည်ရပြည်ရွှေဘို အကျယ်
၂၀။ အလောင်းမင်းတရားဟု အမည်ရပုံ
၂၁။ မဟာပိန္နဲ ခေါ် ကျိုက်ပါစေတီ
၂၂။ ဒွတ္တဘောင်မင်း မဟာပိန္နဲမှ ဆံတော်ပင့်ပုံ
၂၃။ ပြည်ဆံတော် မြသီတင်မည်ပုံ
၂၄။ မဟာပိန္နဲ ခေါ် စန္ဒီမယ်တော်
၂၅။ ဒွတ္တဘောင်မင်းကြီး၏ နဝင်းကြေ (၉) ဆူ
၂၆။ မြသပိတ်စေတီနှင့် မလွန်မြို့မည်ပုံ
၂၇။ မြန်မာ–ပြူ–ကမ်းယံ စတင်ဖြစ်ပုံ
၂၈။ မြတ်စွာဘုရား၏ သီသဓါတ်တော် (၇) မျိုး
၂၉။ ဒွတ္တဘောင်မင်း ကျော် (၉) ဆူ
၃၀။ သိမ် (၉) လုံး၊ ကန် (၉) ကန်၊ ဥမင် (၉) ခု
၃၁။ တောင်ရံ (၉) လုံး၊ ကုန်း (၉) ကုန်း
၃၂။ ဌာနနှင့်တကွ ဘုရားစာရင်း အပြည့်အစုံ
၃၃။ ဆံတော် (၄) ဆူ ဥဿာသို့ ပင့်ယူခြင်း
၃၄။ မင်္ဂလာဒုံ၊ ကျိုက်ကလို့–ကျိုက်ကလဲ့မည်ပုံ
၃၅။ သုံ့–သုံ့ပန်း သုံ့ရ အထူး
၃၆။ ပန်း (၁၀) မျိုး အပြည့်အစုံ

ဖောင် (၇) ဆဋ္ဌမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


၃၇။ အနော်ရထာ၏ သူရဲကောင်း (၄) ဦး
၃၈။ ပုဂံ၌ မဟာပိဋကဆံတော်ရှင်တည်ခြင်း
၃၉။ အနော်ရထာ၏ အမည်ရင်း
၄၀။ ဓမ္မစေတီကျောက်စာ
၄၁။ ဒိုးဟာနမှ ဒေါနတောင်ဖြစ်ပုံ
၄၂။ သုဓမ္မဝတီ၊ သုဝဏ္ဏဘူမိ၊ သုဘိန္နမည်ပုံ
၄၃။ မွန်တိုင်းသို့ ရသေ့အသွင် စတင်ရောက်ပုံ
၄၄။ မွန်ဖြစ်လာပုံ အမျိုးမျိုး
၄၅။ ရာမညဖြစ်လာပုံ အမျိုးမျိုး
၄၆။ မုတ္တမ၊ မဒမခေါ်ပုံ
၄၇။ တလိုင်းဖြစ်လာပုံ
၄၈။ ပုသိမ်ဖြစ်လာပုံနှင့် ပုသိမ် (၃၂) မြို့
၄၉။ ဥက္ကလာပနှင့် ဟံသာဝတီ (၃၂) မြို့
၅၀။ သထုံဖြစ်လာပုံ
၅၁။ ကျိုက်ထီးရိုး ကျီးကန်းပါးစပ်ဖြစ်ပုံ
၅၂။ မဲ (၁၂) မဲ၊ ဒိုး (၁၂) ဒိုး
၅၃။ ကရင်လူမျိုး ဖြစ်ပေါ်လာပုံ
၅၄။ ဒွတ္တဘောင်နှင့် ဒွတ္တပေါင်
၅၅။ ဇန်ကောက်မြို့နှင့် မြဆင်းတုအစ
၅၆။ ထားဝယ် ကွမ်ထားတော်မြဝတီ
၅၇။ ဟရိဘုဥ္၊ လင်းပွန်း၊ လတုန်း



၅၈။ ကြင်မိုင်းမင်းသားများ ဆံတော်ဘုရားတည်ကြပုံ
၅၉။ ကောဒသစေတီနှင့် ကျိုက်ခမိ
၆၀။ ဆင်ပုန်းဂူ ဆင်ချေးတုံးစေတီ
၆၁။ ဒသမမှ ဒမသဖြစ်လာပုံ
၆၂။ မော်လမြိုင်ဖြစ်လာပုံ အမျိုးမျိုး
၆၃။ ရှင်မုဋ္ဌီး၊ ကျိုက်ခမိ ကျိုက်ပေါလော
၆၄။ ဆံတော်ရကြသော ရသေ့များ
၆၅။ ဇင်းကျိုက် ဖွဲကပင် ကျိုက်ထီးရိုးမည်ပုံ
၆၆။ ဒိုးခလွန်းနှင့် ကေလာသစေတီတော်
၆၇။ ဘီးလင်း ကုသိနာရုံ စေတီတော်
၆၈။ မဲလံတောင်စေတီနှင့် နာဂပဗ္ဗတ ခေါ်ပုံ
၆၉။ သထုံမင်း ဆံတော် (၂) ဆူ ရရှိပုံ
၇၀။ သထုံမင်း ဆံတော် ရ မရ ရှင်းပြချက်
၇၁။ ဗိုလ်တထောင်စေတီ၌ ဒုတိယအကြိမ် ဆံတော်ဌာပနာခြင်း
၇၂။ စီရံဌာတုမှ ရွှေစာရံဘုရားဖြစ်ပုံ
၇၃။ မြသပိတ် သာရကလျာဏီ - စံသီးနန်းတော်ဦးစေတီ
၇၄။ ဆံတော်ရကြသော အခြားပုဂ္ဂိုလ် (၉) ဦး
၇၅။ ကျိုက်ခေါက်+ကျိုက်ကစံ စေတီတော်
၇၆။ ဆောင့်ခွဲ (ကျိုက်တဲကုန်း) ဒိုး-ယွန်း ကျိုက်ခမိ
၇၇။ ကျိုက်မွတ်လအိ၊ ကျိုက်မွတ်လပ် စေတီ
၇၈။ ဝါဂရုလမိုင်း ကေလာသစေတီ

www.burmeseclassic.com

www.burmeseclassic.com




၇၉။ ကျိုက်ကေသာရနှင့် ကေလာသ

၈၀။ မွန်ရာဇဝင် ခဲယဉ်းစွာ ရှာဖွေရပုံ

၈၁။ ကျိုက်ကလွတ်ဒက်–ကျိုက်ဖုတ်သုတ်စေတီ

၈၂။ ထီးဆောင်းဘုရား၊ ထီးစောင်းဘုရား

၈၃။ သွားတော် (၃၃) ဆူ ပေးတော်မူပုံ

၈၄။ မြသပိတ်တောင် ဆံတော် စေတီဟောင်း

၈၅။ သုဝဏ္ဏရာဇာ မဟာဓမ္မဓနှင့် သားတော်အကုံရ

၈၆။ ရာဇ သံဝေ မင်းသားညီနောင်

၈၇။ အကုံရမင်း အဘသတ်ခြင်း

၈၈။ နတ်ပြည်စံ နတ်ရွာစံ ကံတော်ကုန် အထူး

၈၉။ အကုံရမင်း ဘုရားစေတီဖျက်ခြင်း

၉၀။ သထုံပြည် ဘေးဆိုးဆိုက်ရောက် ပျက်စီးခြင်း

၉၁။ ပစ္စက္ခမျက်မှောက်ဒဏ် ခံရပုံ

၉၂။ ခင်ပွန်းကြီး (၁၀) ပါးနှင့် ဒဏ် (၁၀) ပါး

၉၃။ ဆံတော်ရှင်စေတီ ပြန်လည်တည်ထားခြင်း

၉၄။ သွားတော်ဓါတ် (၃၃) ဆူ ပေးဝေခြင်း

၉၅။ မော်လမြိုင်နှင့် ကျိုက်သံလံစေတီ

၉၆။ ဘီလူးကျွန်း မူနန်းစေတီ

၉၇။ မူးပွန်နှင့် ကျိုက်မူးပွန်စေတီ

၉၈။ ဇာသပြင်နှင့် ကျိုက်ပိုင်ကြိုစေတီ

၉၉။ ကျိုက်ကာသာနှင့် ကျိုက်လဝီးစေတီ





၁၀၀။ ဟံသာဝတီ ပဲခူးမြို့တည်ခြင်း

၁၀၁။ ဒုံဖိုင်းတူမြို့နှင့် ဆံတော် (၂) ဆူ

၁၀၂။ သမ္မတဲ့ရယ်ဇယ်နှင့် ပွမိကသစ်ဖြိုး

၁၀၃။ ဟံသာဝတီကို ဒီလိမင်း မှတ်သားခြင်း

၁၀၄။ ကုလားမင်းနှင့် အချင်းများကြခြင်း

၁၀၅။ ရွှေမော်ဓောစေတီတည်ခြင်း

၁၀၆။ မူးတားမှ မော်ဓောဖြစ်လာပုံ

၁၀၇။ ပဂိုး–ပဲခိုး–ပဲခူး–ပဲကူး ဖြစ်လာပုံ

၁၀၈။ ဝမ်းပဲကူးမှ ပဲကူးဖြစ်လာပုံ

၁၀၉။ ကဝီးတော်–မယ်ထိုက်ခပီ–ရွှေဖရုံမယ်

၁၁၀။ အပ်သားမင်းသားကို မိနန်းကလိုင်မွေးစားခြင်း

၁၁၁။ အဗျား၌ ကုလားနှင့် စစ်တိုက်ခြင်း

၁၁၂။ အဗျား (၁၂) ရွာ

၁၁၃။ နေ့ရော်မှ နံ့ရောဖြစ်ပုံ

၁၁၄။ နံ့ရမှ နံ့ရောဖြစ်ပုံ

၁၁၅။ ကျိုက်အပ်သား–ကျိုက်လဝီးမှ–ကျိုက်ကသာဖြစ်ပုံ

၁၁၆။ စစ်တောင်း ကျိုက်ကလွန်ပွန်စေတီ

၁၁၇။ ဒုံဇရစ် ကျိုက်မူးတလင်စေတီ

၁၁၈။ ပဲခူးမြို့ ကျိုက်မူးတား

၁၁၉။ မူးခိုင်ကြီး၊ မူးခိုင်ကလေးစေတီ

၁၂၀။ ကဝမြို့ ကျိုက်ကဝစေတီ


www.burmeseclassic.com

www.burmeseclassic.com



၁၂၁။ တနည်း သွားတော်စေတီ (၃၃) ဆူ
၁၂၂။ သထုံစေတီဝင်အလို သွားတော်စေတီ (၃၃) ဆူ
၁၂၃။ သုဓမ္မပုရမြို့တည်ခြင်း
၁၂၄။ ဘုရားဘဏ္ဍာသုံးစားမိ၍ နွားဖြစ်ရပုံ
၁၂၅။ မရိသဘူမိ (မရမ်းကုန်း) မြို့သစ်တည်ခြင်း
၁၂၆။ ဟရိသရဘူမိမြို့ တည်ပြန်ခြင်း
၁၂၇။ မယုံ၍ စေတီဖျက်ပြီး ဆံတော်ရှာပုံ
၁၂၈။ ကျိုက်ပတဲမှ ကျိုက်တဲဖြစ်ပုံ
၁၂၉။ တိုက်ကလားမြို့ဟောင်း
၁၃၀။ သုဓမ္မဝတီခေါ် တိုက်ကလားမြို့သစ်
၁၃၁။ ကလျာဏီကျောက်စာအလို တိုက်ကလား
၁၃၂။ သထုံရာဇဝင်ပေါင်းချုပ်အလို တိုက်ကလား
၁၃၃။ အရှင်သောဏ၊ ဥတ္တရတို့ ကြွရောက်ကြခြင်း
၁၃၄။ မနုဿီဟ ပျံနှံ့လာပုံ
၁၃၅။ မြို့ရွာ ရာဖွေရန် ထွက်ခွာသွားခြင်း
၁၃၆။ ပါဒမြို့၏ နယ်နမိတ်
၁၃၇။ တိဿဘောဂသေန နန်းတက်ခြင်း
၁၃၈။ ဆပဒမှ ဆပင်္ဂဖြစ်ပုံ
၁၃၉။ ဆပဒအမည်ရ ပုဂ္ဂိုလ်များ
၁၄၀။ ဒလှဲ-တလမှ ဒလဖြစ်လာပုံ
၁၄၁။ ယခု ဒလကို ရှေးက မိုင်းသူဟုခေါ်ပုံ



၁၄၂။ ပတ်လတ်မှ ပုလဲဖြစ်လာပုံ
၁၄၃။ ဇေကာကြီး - ဇေကာငယ် ခြားနားပုံ
၁၄၄။ ဘောဂသေနမင်း ခေါ် ရသေ့ခေါက်
၁၄၅။ တြိယက်မြို့ကို သံလျင်ခေါ်ဆိုခြင်း
၁၄၆။ ပါဒမြို့ကြီးပျက်စီးပုံ
၁၄၇။ မောင်သံလျင် နရိန္ဒမင်းကို လုပ်ကြံခြင်း
၁၄၈။ သံလျင်ကျွန်း၏ အမည်များ
၁၄၉။ မောင်သံလျင် လုပ်ကြံခံရခြင်း
၁၅၀။ သီဟရာဇာမင်း ကြမ်းကြုတ်ပုံ
၁၅၁။ အဒ္ဓတ္တောရှာသူ မိစောန္တတ်ကို မင်းကတောင်းခြင်း
၁၅၂။ ထော်ပံနှင့် ဆေးလုံးကြီးမှ တမာထော်ပြေးကြပုံ
၁၅၃။ စောန္တတ်သေပြီး ကန်စောင့်နတ်သမီးဖြစ်ပုံ
၁၅၄။ ဇေယျသေနမင်း နန်းတက်ခြင်း
၁၅၅။ မိဘုရားနော်ဖောတလဲမှ မွေ့နွန်းမွေးဖွားခြင်း
၁၅၆။ မွေ့နွန်းမည်ခြင်းအကြောင်း
၁၅၇။ သီဟိုဠ်၌ ကမ်းပြိုဘေးသင့်ခြင်း
၁၅၈။ ဝေပုလ္လပတ္တာမြားရတနာတောင်းရန် လာခြင်း
၁၅၉။ တမန်-တံဆေး-သုံ့သေး-သံ မင်းစေအထူး
၁၆၀။ ဆံတော်နှင့် ဓာတ်တော်များ ပေးအပ်ခြင်း
၁၆၁။ စေတီ (၁၁) ဆူ သိမ်တော် (၉) လုံး
၁၆၂။ ကျိုက်ကစံ ဒုတိယဆံတော် ဌာပနာပုံ

www.burmeseclassic.com

www.burmeseclassic.com


၁၆၃။ ဆူးလေစေတီမည်ပုံ အမျိုးမျိုး
၁၆၄။ ကျိုက်မဲသံကရော (သိမ်ကြီးဈေး) စေတီ
၁၆၅။ ကျိုက်မဲသံကရောစေတီ ဇာပ်ကလော့ရှာဘက် လဲကျပုံ
၁၆၆။ ဓာတ်တော်များ ဆူးလေစေတီပြောင်းပုံ
၁၆၇။ ဆူးလေဘုရား သီသီအဖျက်မခံရပုံ
၁၆၈။ ယခုလက်ရှိ ဆူးလေဇရပ်
၁၆၉။ နတ်ကတော်မရေးနှင့် ဆူးလေနတ်ကြီး
၁၇၀။ ကျိုက်ကမာကမှ (စပတ်လမ်း) စေတီ
၁၇၁။ ကျိုက်ကမာစိန် (ဘုရားဖြူ) စေတီ
၁၇၂။ ကျိုက်ဒေးတဲ့ (ထောင်မှူးဘုရား)
၁၇၃။ ကျိုက်ဖွဲ့ကမော့ (ကူရှင်ကျောင်း) စေတီ
၁၇၄။ ကျိုက်ဒင်းမဲ (ရွှေတိဂုံအနောက်) စေတီ
၁၇၅။ ကျိုက်ခပေါက်စန္ဒတ် (ဝင်ဒါမီယာ) စေတီ
၁၇၆။ ဆံတော်ကြိုလမ်း ယခု ဝင်ဒါမီယာ
၁၇၇။ နောင်တော်ကြီးဘုရားနှင့် ဆံတော်တွင်း
၁၇၈။ မုခ်ဦးစေတီ–မုခ်ဦးခြသေ့်များ
၁၇၉။ ကျိုက်ခပေါက်ဆွတ် (အလံပြ) ဘုရား
၁၈၀။ ကျိုက်ဒေးအပ် (ဗိုလ်တထောင်) ဘုရား
၁၈၁။ ကျိုက်ဒေးအပ် အမည်ရပုံ
၁၈၂။ ပွန်တာထော်မှ ဗိုလ်တထောင်ဖြစ်ရပုံ
၁၈၃။ ငစပ်ခေါင်းဆောင်၍ သူပုန်ထခြင်း
၁၈၄။ ဗိုလ်ခြေ (၁၀၀၀) ဖြင့် နှိမ်နင်းခြင်း
၁၈၅။ ဗိုလ်တထောင်ရပ်ကွက် ဖြစ်လာပုံ
၁၈၆။ ဘောဂသေနမင်း ဓာတ်တော်တိုက်ပုံစံ
၁၈၇။ သံလျှင်ဘက် ကောင်းမှုတော်များ
၁၈၈။ ရဟန္တာ သိမ်တော်ကြီး (၉) လုံး
၁၈၉။ သင်္ကန်းကျွန်းမည်ပုံ
၁၉၀။ ရှင်ယသ (ကျိုက်ကစံ) သိမ်
၁၉၁။ ဟာမွေမည်ပုံနှင့် ထန်းတပင်သိမ်
၁၉၂။ ဒေဝသာဂရ (သိမ်ဖြူ) သိမ်
၁၉၃။ ဒေဝသာဂရ သိမ်ဖြူကျောက်စာ
၁၉၄။ တောင်ဘက်ခြေတော်ရင်း ရဟန္တာသိမ်
၁၉၅။ ရဟန္တာသိမ်တော်ကျောက်စာ
၁၉၆။ ကျားကူးသိမ်နှင့် အနီးတဝိုက်မှတ်သားဖွယ်
၁၉၇။ စကြာဝန်ကြီးဘုရား၊ ယခု စိန်ရောင်ခြည်
၁၉၈။ ကျောင်းတိုက်များနှင့် နန်းတော်
၁၉၉။ အိမ်တော်ရာဘုရားနှင့် နန်းတော်ကုန်း
၂၀၀။ ကျိုက်မဲသံကရော (သိမ်ကြီးဈေး) သိမ်
၂၀၁။ ရှင်ပင် ရွှေကြိုဘုရားနှင့် ကျောင်းတိုက်
၂၀၂။ ရေးကျောင်းတိုက်များနှင့် သောက်တော်တွင်း
၂၀၃။ သရက်တောရတိုက် ယခု သရက်တောတိုက်
၂၀၄။ ခွေးသေဝဘုရား (၃၇) လမ်း၊ ခရေပင်ကုန်းသိမ်


www.burmeseclassic.com

www.burmeseclassic.com




၂၀၅။ ရှော်တန်းနှင့် ကျောက်တံတားလမ်း

၂၀၆။ သစ်ဆိမ့်ပင်-ကွမ်းခြံ မောင်လမြိုင်ကျောင်းတိုက်

၂၀၇။ မဟာပိန္နဲတိုက် သာသနာ့ အဆောက်အဦးများ

၂၀၈။ ရှေးရန်ကုန်နှင့် နောက်ရန်ကုန်

၂၀၉။ ရန်ကုန်လမ်း အမည်သစ်များ

၂၁၀။ အဆင့်ဆင့် ပြောင်းလာသော အချို့လမ်း

၂၁၁။ ရန်ကုန်ရှိ ရှေးရပ်ကွက်ဟောင်းများ

၂၁၂။ ပစ္စန်နိုတောင်းမှ ပုစွန်တောင်ဖြစ်ပုံ

၂၁၃။ ကေမန်ဋ္ဌုံးမှ ကြည့်မြင်တိုင်ဖြစ်ပုံ

၂၁၄။ ကမာရော့မှ ကမာရွတ်ဖြစ်ပုံ

၂၁၅။ ဦးကျော်ရွှေးဆည်သော ကန်တော်ကြီး

၂၁၆။ ကမာကမု (ကသစ်ပင်ကုန်း) သိမ်

၂၁၇။ ထောင်ကြီးနေရာရှိ ဘုရင်ဥယျာဉ်တော်

၂၁၈။ ကလန်-သံပျင်အထူး

၂၁၉။ သံလျင်စေတီတော်များ ပျက်စီးပုံ

၂၂၀။ ဘား (၉) ဘား ဆရာတော်များ

၂၂၁။ ဘားကရာမှ ဗားကရာဖြစ်လာပုံ

၂၂၂။ ဘားမဲ့-ဘားတမော့တို့ မင်းနှင့်ထုတ်ခြင်း

၂၂၃။ နန္ဒမင်းထံ သိကြားကိုယ်တိုင်လာခြင်း

၂၂၄။ မင်းမကျေနပ်၍ အခြားဆရာတော်များ ကြွကြပုံ

၂၂၅။ ဆယ်ပဒေါ်ရီ ပေရိုဒီရှဗာ ခေါ် ဇေကာ

၂၂၆။ ဇေကာ သာသနာ ဖျက်ဆီးပုံ

၂၂၇။ ဇေကာတိုက်ရန် ဘားမဲ့ဆရာတော် အခါပေးခြင်း

၂၂၈။ ကျိုက်တနော်ညို့ ယခု မနုတ်စေတီ

၂၂၉။ တလမယ် ယခု တမလုံဘုရား

၂၃၀။ ကျိုက်ဗွဲပိ ယခု သီဟိုဠ်ဘုရား

၂၃၁။ ကျိုက်ကတွဲပေါစေတီ၊ ကျိုက်နံ့ခတ္တိနော့ပရယ်စေတီ

၂၃၂။ ကျိုက်တပေါ် ယခု ပုညစေတီ

၂၃၃။ ကျိုက်တငိုး ယခု ထန်းညိမ်းဘုရား

၂၃၄။ ဇေကာနှင့် နတ်သျှင်နောင် ကွပ်မျက်ခြင်း

၂၃၅။ မုဒ္ဒောဟု ခေါ်ဆိုပုံ

၂၃၆။ အလောင်းစည်သူ၏ မုဒ္ဒော (၉) ဆူ

၂၃၇။ မုဒ္ဒော (၉) ဆူ စံပယ်ရာဌာန

၂၃၈။ စကား (၉) ဆူ သီတင်းသုံးရာဌာန

၂၃၉။ စေတီနှင့် ပထိုးအထူး

၂၄၀။ စည်းခုံ၊ အတွင်းစည်းခုံ၊ အပြင်စည်းခုံ

၂၄၁။ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး လျောင်းတော်မူ

၂၄၂။ ကိုးထပ်ကြီး၊ ဆယ်ထပ်ကြီး

၂၄၃။ ပုံးခသော ဗိုလ်တထောင်စေတီ

၂၄၄။ ဗိုလ်တထောင် ဝတ္ထုကံမြေ အကျယ်အဝန်း

၂၄၅။ ဘုရားမြေ သိမ်းယူရောင်းစားပုံ

၂၄၆။ ကုဋ္ဌေချီတန်သော ဘုရားမြေ

www.burmeseclassic.com




၂၄၇။ ဘုရားမြေပြန်လည်တောင်းပုံ အကျယ်

၂၄၈။ ဗုံးခပြိုကွဲပြီးသော ဗိုလ်တထောင်စေတီ

၂၄၉။ ဗိုလ်တထောင်စေတီ ပြန်လည်တည်ထားခြင်း

၂၅၀။ ဆံတော် ဓာတ်တော်များ တွေ့ရှိခြင်း

၂၅၁။ ပိန္နဲတိုင် အကြီးအကျယ် စိုက်ထူခြင်း

၂၅၂။ ထီးဆန်းနှင့် ကျောက်သလင်း စိန်ဖူးတော်

၂၅၃။ လ–လေးလုံး ဌာပနာတိုက်နှင့် စေတီပုံတော်

၂၅၄။ ငှက်မြတ်နားတော်၏ လုံခြုံခြင်း

၂၅၅။ ပဌမဆုံး ဂေါပက၊ ဘဏ္ဍာတော်ထိန်းများ


**ဗိုလ်တထောင်စေတီ ဗေဒသမိုင်းတော်ကြီး**

**အညွန်းပြီး၏။**

www.burmeseclassic.com